# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# သတ္တမပုံမှန်အစည်းအဝေး

# (၂၄) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | စဉ့်ကိုင်မြို့နယ်၊ ဆည်ရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | မန္တလေးတက္ကသိုလ်အား အဆင့်မြင့်ပညာရပ်များ သင်ကြားရာ၊ သုတေသန လုပ်ငန်းများဆောင်ရွက်ရာ ရပ်ဝန်းကောင်းတစ်ခုအဖြစ် စနစ်တကျ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၆ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး၊ အခြေခံပညာဦးစီးဌာနလက်အောက်ရှိ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် တွဲဖက်အလယ်တန်း၊ တွဲဖက်အထက်တန်း ကျောင်းများကို တရားဝင်ခွင့်ပြုထားသော်လည်း ကျေးရွာများရှိ ကျူရှင်များသည် တွဲဖက်ကျောင်းများတွင် တရားမဝင် ထပ်တွဲကျောင်းများ အဖြစ် ရှိနေကြသဖြင့် ထိုထပ်တွဲတွဲဖက်ကျောင်းများကို ထိန်းသိမ်း ကြပ်မတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၉ |
| ၈ | ပခုက္ကူ-ကြံခင်းမီးရထားလမ်း ဖောက်လုပ်ရာတွင် နစ်နာဆုံးရှုံးသွားသော တောင်သူများအနက် လျော်ကြေးငွေမရရှိသေးသော တောင်သူ (၂၂) ဦးအား လျော်ကြေးငွေပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ သံချက်ဝန်ဦးမြူရထားဖြတ်လမ်းကို ရထားလမ်းကူးဂိတ်ထားရှိကာ ပြန်လည်ဖွင့်လှစ်ပေးမည်ကို အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၆ |
| ၁၀ | စစ်တောင်းမြစ်နှင့် ခပေါင်းချောင်း ရေတိုက်စားမှုများကြောင့် ကမ်းပါးပြိုမှုကို ပြည်သူ့ဘဏ္ဍာငွေ အကုန်အကျသက်သာစေပြီး ကမ်းပါးပြိုကာကွယ်မှုများ များစွာလုပ်ဆောင်နိုင်ရန်အတွက် တည်ဆောက် ရေးနည်းလမ်းကို ပြောင်းလဲ လုပ်ဆောင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၈ |

| | | |
|---|---|---|
| ၁၁ | ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုတင်သွင်းခြင်း | ၂၃ |
| ၁၂ | ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း | ၂၄ |
| ၁၃ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃၀ |
| ၁၄ | ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၆ |
| ၁၅ | ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၄၂ |
| ၁၆ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး (၃၀) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၄၃ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

# (၂၉)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၆–၃–၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင် မဲဆန္ဒနယ်၏ **စဉ့်ကိုင်မြို့နယ်၊ ဆည်ရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်၏ **မန္တလေးတက္ကသိုလ်အား အဆင့်မြင့်ပညာရပ်များသင်ကြားရာ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာ ရပ်ဝန်းကောင်းတစ်ခုအဖြစ် စနစ်တကျ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမင်းသိုင်း၊ ဘိုကလေး မဲဆန္ဒနယ်၏ **ဧရာဝတီတိုင်းဒေသကြီး၊ အခြေခံပညာဦးစီးဌာနလက်အောက်ရှိ အလယ်တန်း၊ အထက်တန်း ကျောင်းများတွင် တွဲဖက်အလယ်တန်း၊ တွဲဖက်အထက်တန်း ကျောင်းများကို တရားဝင်ခွင့်ပြုထားသော်လည်း ကျေးရွာများရှိ ကျူရှင်များသည် တွဲဖက်ကျောင်းများတွင် တရားမဝင်သော ထပ်တွဲ ကျောင်းများအဖြစ် ရှိနေကြသဖြင့် ထိုထပ်တွဲ တွဲဖက်ကျောင်းများကို ထိန်းသိမ်းကြပ်မတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးပိုက်ကို၊ ပခုက္ကူ မဲဆန္ဒနယ်၏ **ပခုက္ကူ– ကြံခင်း မီးရထားလမ်း ဖောက်လုပ်ရာတွင် နစ်နာဆုံးရှုံးသွားသော တောင်သူများအနက် လျော်ကြေးငွေ မရရှိသေးသော တောင်သူ (၂၂)ဦးအား လျော်ကြေးငွေ ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနေကျော်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ် အရှေ့ပိုင်း မြို့နယ်၊ သံချက်ဝန်ဦးမြူ ရထားဖြတ်လမ်းကို ရထားလမ်းကူးဂိတ်ထားရှိကာ ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **စစ်တောင်းမြစ်နှင့် ခပေါင်းချောင်း ရေတိုက်စားမှုများကြောင့် ကမ်းပါးပြိုမှုကို ပြည်သူ့ဘဏ္ဍာငွေ အကုန်အကျသက်သာစေပြီး ကမ်းပါးပြို ကာကွယ်မှုများ များစွာ လုပ်ဆောင်နိုင်ရန်အတွက် တည်ဆောက်ရေး နည်းလမ်းကို ပြောင်းလဲ လုပ်ဆောင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြန်ကြားရေးဝန်ကြီးဌာနက **“ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၇။ **“ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသည့် **“ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း–

(က) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

(ခ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(ဂ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၊

(ဃ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၊

၁၁။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၂၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
## (၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၉)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၈၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၇၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၀ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)အောင်ရွှေ ခွင့် ၁ ရက်၊
(၂) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁ ရက်၊
(၃) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊
(၄) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့် ခွင့် ၁ ရက်၊
(၅) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ခွင့် ၁ ရက်၊
(၆) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း ခွင့် ၁ ရက်၊
(၇) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၁ ရက်၊
(၈) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင် ခွင့် ၁ ရက်၊
(၉) နမ့်စန်မဲဆန္ဒနယ်မှ ဦးဒွေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊
(၁၀) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၁ ရက်၊
(၁၁) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ခွင့် ၁ ရက်၊
(၁၂) လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၁ ရက်၊
(၁၃) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၁ ရက်၊
(၁၄) အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ခွင့် ၁ ရက်၊
(၁၅) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊
(၁၆) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ၁ ရက်၊
(၁၇) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊
(၁၈) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊
(၁၉) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော အစည်းအဝေးပြီးဆုံးသည်ထိ၊
(၂၀) လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ခွင့် ၁ ရက်၊

(၂၁) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် ခွင့် ၁ ရက်၊
(၂၂) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်
(၂၃) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊
(၂၄) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၁ ရက်၊
(၂၅) တပ်မတော်သားကိုယ်စားလှယ်မှ ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊
(၂၆) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော် ခွင့် ၈ ရက်၊
(၂၇) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၂ ရက်နှင့်
(၂၈) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၃ ဦးရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၅၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**စဉ့်ကိုင်မြို့နယ်၊ ဆည်ရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မိုမိုလွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဥ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ စဥ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဖြစ်ပါတယ်။ စဥ့်ကိုင်မြို့နယ် ဆယ်ရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ဆယ်ရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား ၁၉၄၆ ခုနှစ်မှစပြီးတော့ မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။ နှစ်ပေါင်း ၆၇ နှစ်အကြာ ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်နေ့မှစပြီးတော့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ စဥ့်ကိုင် အ.ထ.က နဲ့ ၆ မိုင်ကွာဝေးပြီးတော့ ရန်ကုန်-မန္တလေးလမ်းမကြီး တစ်လျှောက် သွားရမှာဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူများအတွက် ယာဉ်အန္တရာယ် စိုးရိမ်ကြောင့်ကြမှုဖြစ်နေရပါတယ်။ ပလိပ် အ.ထ.က နဲ့တော့ မိုင်အကွာအဝေးသိပ်မများပေမဲ့ ယာဉ်ကြောရှုပ်ထွေးခြင်းကြောင့် အန္တရာယ်များလှသလို ပလိပ် အ.ထ.က သည်ပင်လျှင် ၎င်း၏ကျောင်းသားဦးရေအရ စာသင်ဆောင်လိုအပ်ချက်များ ရှိနေပါတယ်။ ဒါကြောင့် ဆယ်ရွာအထက်တန်းကျောင်း(ခွဲ)ကိုသာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးခြင်းသည်သာ ၎င်းကျောင်းကို မှီခိုအားထားနေရသော ပတ်ဝန်းကျင်ကျေးရွာ ၂၂ ရွာ၊ မူလတန်းကျောင်း ၁၅ ကျောင်းနှင့် အလယ်တန်းကျောင်းတစ်ကျောင်းတို့မှာ ကျောင်းသားကျောင်းသူများအတွက် အဆင်ပြေဆုံးနဲ့ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ အထက်တန်းပညာရပ်များကို စတင်သင်ကြားပေးနေခဲ့ပြီးတော့ တက္ကသိုလ်ဝင်တန်းအောင်ချက်ရာခိုင်နှုန်းမှာလည်း ကောင်းမွန်လှပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဆယ်ရွာ အ.ထ.က(ခွဲ)မှာ ကျောင်းသားဦးရေအနေဖြင့် အထက်တန်းကျောင်းသား ၂၀၂ ဦး၊ အလယ်တန်း ၅၂၀ ဦးနှင့် မူလတန်း ၄၉၁ ဦး စုစုပေါင်း ကျောင်းသားဦးရေ ၁၂၁၃ ဦးရှိတဲ့အတွက် စဥ့်ကိုင်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းအဆင်ရှိ ကျောင်းငါးကျောင်းရှိတဲ့အနက် သုံးကျောင်းထက်ပင် ကျောင်းသားဦးရေ ပိုမိုများပြားနေကြောင်း တွေ့ရှိရပါတယ်။ စာသင်ဆောင်များအနေနဲ့လည်း နှစ်ထပ်အဆောက်အဦလေးခု၊ တစ်ထပ်အဆောက်အဦသုံးခု စုစုပေါင်း ခုနစ်ခုရှိပြီးတော့ ကွန်ပျူတာခန်း၊ သိပ္ပံလက်တွေ့ခန်း၊ စာကြည့်တိုက်တို့လည်းရှိပါတယ်။ ကျေးရွာမှာရှိတဲ့ စာသင်ကျောင်းတစ်ကျောင်းဖြစ်ပေမဲ့ ကျောင်းဆောင်ခုနစ်ခုအနက် သဇင်ဆောင်နှင့် ခရေဆောင်နှစ်ခုကိုသာ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ချထားဆောင်ရွက်ပေးခဲ့ရပြီးတော့ ကျန်ငါးခုမှာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နဲ့ ဒေသခံကျောင်းသားမိဘများက ဝိုင်းဝန်းဖြည့်ဆည်းလှူဒါန်းပေးထားကြောင်း သိရှိရပါတယ်။ မြေဧရိယာမှာ ၄.၆၂ ဧကရှိတဲ့အတွက် လုံလောက်သော အကျယ်အဝန်းရှိပြီးတော့ အားကစားကွင်းလည်းရှိပါတယ်။ မူလတန်းကလေးများအတွက် ကလေးကစားကွင်းလေးကိုလည်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းသားမိဘများက ဖန်တီးလုပ်ဆောင်ပေးထားကြောင်း တွေ့ရှိခဲ့ရပါတယ်။ ရေသန့်စနစ်၊ မိလ္လာစနစ်များ ကောင်းမွန်လုံလောက်စွာရှိပြီးတော့ ဆရာ၊ ကျောင်းသား၊ မိဘ သုံးပွင့်ဆိုင် လက်တွဲညီညီဆောင်ရွက်နိုင်ကြတဲ့အတွက် ကျောင်းစည်းကမ်းကောင်းပြီးတော့ ကျောင်းရဲ့သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယုံကြည်စိတ်ချရတဲ့ကျောင်းတစ်ကျောင်းလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဆယ်ရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အနေဖြင့် ဆရာ၊ ကျောင်းသား၊ မိဘ သုံးပွင့်ဆိုင်ဆက်ဆံရေးမှာ အပြန်အလှန်ယုံကြည်ကိုးစားမှုရှိသလို ကျောင်းအကျိုးတော်ဆောင်အဖွဲ့အနေနဲ့လည်း အကျောင်းရဲ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိတဲ့အတွက် စည်းကမ်းကောင်းမွန်ထူးချွန်ထက်မြက်သော ကျောင်းသားကျောင်းသူများကို မွေးထုတ်ပေးနိုင်လျက်ရှိပါတယ်။ အထိမ်းအမှတ်နေ့ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင်လည်း မြို့နယ်အဆင့် ဆုရကျောင်းသားများစာရင်းမှာ ဆယ်ရွာကျောင်းမှ ကျောင်းသားကျောင်းသူများ ပါဝင်မြဲဖြစ်ပါတယ်။ ထိုသို့ကျောင်းရဲ့ ဂုဏ်သတင်းမွှေးပျံ့မှုများကြောင့် ဆယ်ရွာ အ.ထ.က(ခွဲ)မှာ တက်ရောက်လိုသောကျောင်းသားဦးရေမှာ နှစ်စဉ်တိုးလာလျက်ရှိပါတယ်။ သို့ပါသော်လည်း အထက်တန်းကျောင်းခွဲအဆင့်သာရှိသေး၍ ဆရာဆရာမ၊ ဖွဲ့စည်းပုံအင်အား မလုံလောက်သဖြင့် အထက်တန်းကျောင်းသားဦးရေကို အကန့်အသတ်ဖြင့်သာ လက်ခံသင်ကြားနေရတဲ့အတွက် ကျောင်းသားမိဘနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ကလည်း အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ရရှိရေး မျှော်လင့်တောင့်တနေကြပါတယ်။ သို့ဖြစ်ပါ၍ ဆယ်ရွာ အ.ထ.က(ခွဲ)အား အထက်တန်းကျောင်းအဖြစ် ဖွင့်လှစ်နိုင်ရန် လိုအပ်သော အင်္ဂါရပ်များဖြင့် ပြည့်စုံလုံလောက်စွာအသင့်ဖြစ်နေခြင်း၊ ဒေသခံပြည်သူတို့ရဲ့ ပံ့ပိုးမှုကောင်းခြင်းတို့ကြောင့် နိုင်ငံတော်ဘဏ္ဍာ သက်သာစွာဖြင့် အထက်တန်းကျောင်းတစ်ကျောင်းအဖြစ် လွယ်ကူအောင်မြင်စွာဖွင့်လှစ်သွားနိုင်မှာဖြစ်တဲ့အတွက် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ မဲဆန္ဒနယ်ရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာဒေါ်ကြည်မို့မို့လွင်၏ မေးခွန်းဖြစ်သော စဉ့်ကိုင်မြို့နယ် ဆယ်ရွာအခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်မှာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အခြေခံပညာမူလတန်းကျောင်းပေါင်းသုံးကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းနှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၁၁ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းပေါင်း တစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၁၇ ကျောင်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ဒီအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် Section ရရှိ အဆင့်တိုးမြှင့်ရန် သတ်မှတ်မူ

အနေနဲ့ အထက်ဆင့်သင်ကျောင်းသားကျောင်းသူ ၂၀၀ ဦးနှင့်အထက်ရှိခြင်း၊ ပင်မကျောင်း တစ်ဆင့်မြင့်ကျောင်းနှင့် ၁၀ မိုင်အထက်ကွာဝေးခြင်းတို့ လိုအပ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ တင်ပြပါစဥ့်ကိုင်မြို့နယ် ဆယ်ရွာအခြေခံပညာအထက်တန်းကျောင်း (ခွဲ)မှာဆိုရင် အထက်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၂၀၂ ဦးရှိပါတယ်။ ပင်မကျောင်းနှင့် အနီးဆုံးဖြစ်သော ပလိပ်အခြေခံပညာအထက်တန်းကျောင်းနှင့် ၄ မိုင်ခန့်သာကွာဝေးတာ စိစစ်တွေ့ရှိရပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ဒေသခံပြည်သူများ၏ ဆန္ဒအရ သော်လည်းကောင်း၊ အဆင့်တိုးမြှင့်ရန် လိုအပ်တဲ့အင်္ဂါရပ်များလည်း ပြည့်စုံပြီးဖြစ်တဲ့အတွက် အခြေခံပညာအထက်တန်းကျောင်းအဖြစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ တိုးမြှင့်ရေး စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**မန္တလေးတက္ကသိုလ်အား အဆင့်မြင့်ပညာရပ်များသင်ကြားရာ၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရာ ရပ်ဝန်းကောင်းတစ်ခုအဖြစ် စနစ်တကျ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ ယနေ့ ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာနအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ မြန်မာနိုင်ငံမှာ ဒုတိယသက်တမ်းအရင့်ဆုံးဖြစ်တဲ့ မန္တလေးတက္ကသိုလ်ကို အဆင့်မြင့်ပညာရပ်များသင်ကြားရာ၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရာ ရပ်ဝန်းတစ်ခုအဖြစ် စနစ်တကျအဆင့်မြှင့်တင်ပေးရန်အတွက် ပညာရေးဝန်ကြီးဌာနက အမြန်ဆုံးစီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ပတ်သက်တဲ့မေးခွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မန္တလေးတက္ကသိုလ်ကို ၁၉၂၁ ခုနှစ်မှာ စိုက်ပျိုးရေးသိပ္ပံအဖြစ် စတင်ထူထောင်ခဲ့ပါတယ်။ ၁၉၂၅ ခုနှစ်မှာ မန္တလေးဦးပစာကောလိပ်အဖြစ် ပြောင်းလဲခဲ့ပြီးတော့ ၁၉၅၈ ခုနှစ်မှာ ဝိဇ္ဇာ၊ သိပ္ပံ၊ ဆေးပညာ၊ စိုက်ပျိုးရေးနဲ့ မကွေးကောလိပ်တို့ပါဝင်တဲ့ မဟာဌာနကြီးလေးခုနဲ့ ဖွဲ့စည်းတဲ့ မန္တလေးတက္ကသိုလ်ကို စတင်ထူထောင်ခဲ့ပါတယ်။ အခု ၂၀၁၈ ခုနှစ် ရောက်လာပြီဆိုတဲ့အချိန်မှာ မန္တလေးတက္ကသိုလ်ရဲ့သက်တမ်းဟာ နှစ် ၁၀၀ နီးပါးရှိပါပြီ။ မန္တလေးတက္ကသိုလ်အဖြစ် ထူထောင်တာကတော့ နှစ် ၆၀ သက်တမ်းရှိပါပြီ။ ဒီတက္ကသိုလ်တွေမှာ သင်ကြားရေးနဲ့ ကျောင်းသားကျောင်းသူအဆောင်များအပါအဝင် အဆောက်အဦအများစုကတော့ အနည်းဆုံး အနှစ် ၄၀ ကနေပြီးတော့ အနှစ် ၁၀၀ သက်တမ်းရှိတဲ့ တစ်ထပ်အဆောက်အဦများသာ ဖြစ်ပါတယ်။ မန္တလေးတက္ကသိုလ်ဟာ ရန်ကုန်တက္ကသိုလ်ပြီးရင် သက်တမ်းအရင့်ဆုံးနှင့် ပညာရှင်ပေါင်းမြောက်မြားစွာ မွေးထုတ်ပေးနေတဲ့ မြန်မာပြည်ရဲ့ဒုတိယသက်တမ်းအရင့်ဆုံး တက္ကသိုလ်ကြီးတစ်ခုဖြစ်ပါတယ်။ ဒီလိုဆယ်စုနှစ်ပေါင်းမြောက်မြားစွာအတွင်းမှာ ဘွဲ့ကြိုတန်းတွေမဖွင့်လှစ်နိုင်ဘဲ ပိတ်ထားခဲ့ရတဲ့ကာလ တစ်လျှောက်မှာ စာသင်ဆောင်တွေအများစုဟာ ပျက်စီးခြင်းများစွာဖြစ်ခဲ့ရပါတယ်။ ဒီ့အတွက် ပညာရေးဘတ်ဂျက်ထဲကနေပြီးတော့မှ ပြင်ဆင်

ထိန်းသိမ်းစရိတ်တွေ နှစ်စဉ်ချထားပေးပေမဲ့လည်း အချည်းနှီးသာဖြစ်ခဲ့ရပါတယ်။ တိုးတက်လာခြင်း မရှိပါဘူး။ မန္တလေးတက္ကသိုလ် အဓိကပင်မအဆောက်အဦကြီးတောင်မှ ယိုယွင်းပျက်စီးနေတာဟာ မြင်လို့တောင်မကောင်းတော့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတက္ကသိုလ်မှာ ယနေ့အချိန်မှာဆိုရင် ဘာသာရပ်ပေါင်း ၂၅ ခု၊ ဘွဲ့ကြိုတန်းမှာ ပါရဂူတန်းအထိ သင်တန်းပေါင်း ၂၀၆ တန်း၊ ဒီပလိုမာတန်းပေါင်း ၁၂ ခု၊ သုတေသန လုပ်ငန်းအမြောက်အမြား၊ ကျောင်းသားပေါင်းထောင်ချီပြီး လေ့ကျင့်သင်ကြားမွေးထုတ်ပေးနေတဲ့ တက္ကသိုလ်ကြီးတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ရုပ်ပိုင်းဆိုင်ရာအဆောက်အဦးများ ပညာသင်ကြားရာ၊ သုတေသနလုပ်ရာ ရပ်ဝန်းကြီးတစ်ခုလုံး ဆက်စပ်တဲ့အရာတွေအားလုံးကတော့ အဆောက်အဦတွေ ဟာ အဘက်ဘက်က နိမ့်ကျပျက်စီးလျက်ရှိပါတယ်။ တချို့သောပညာသင်ကြားရာရပ်ဝန်းနဲ့ ထက်ဝက် သောအဆောက်အဦများကတော့ တက္ကသိုလ်တစ်ခုရဲ့အဆင့်အတန်းနဲ့ ဘယ်လိုမှကို သင့်လျော်ခြင်းမရှိ တော့ဘဲ အန္တရာယ်ရှိအဆောက်အဦများအဖြစ် ကျရောက်နေတာကိုလည်း တွေ့ရှိရပါတယ်။ တိုးတက် လာသောခေတ်နဲ့အညီ မန္တလေးတက္ကသိုလ် ဘက်စုံအဆင့်မြှင့်တင်ရေးကော်မတီဖွဲ့ပြီး ဒီကနေ့ မြေတန်ဖိုးမြင့်မားလာတဲ့ မန္တလေးတက္ကသိုလ်မြေကို Master Plan ချပြီး စနစ်တကျ ပြုပြင်ပြောင်းလဲ ရန် အထူးလိုအပ်နေပါပြီ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတက္ကသိုလ်မှာ ယခုအခါမှာ နိုင်ငံတကာ တက္ကသိုလ်များနှင့် သဘောတူနားလည်မှုစာချုပ်များရေးထိုးလျက် သင်ကြားရေး၊ သုတေသနလုပ်ငန်း တွေ အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ နိုင်ငံတကာကကျောင်းသားတွေလည်း လာရောက်ပညာသင်ကြားနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အမြန်ဆုံး စီမံဆောင်ရွက်ပေးရန်လည်း အထူးလိုအပ်လျက်ရှိပါတယ်။ ဒါကတော့ လက်ရှိတင်ပြထားတာကတော့ မန္တလေးတက္ကသိုလ်ရဲ့မြေပုံ ဖြစ်ပါတယ်။ ဒီမန္တလေးတက္ကသိုလ်မြေပုံမှာကြည့်မယ်ဆိုရင် အနီရောင်တွေ က မန္တလေးတက္ကသိုလ်ရဲ့ ဝန်ထမ်းတွေနဲ့ ဆရာဆရာမတွေနေတဲ့အိမ်ပါ။ သင်ကြားရေးဇုန်က အစိမ်းရောင်ရှိတဲ့ဇုန်ပါ။ သင်ကြားရေးဇုန်သည် လူနေတဲ့အဆောက်အဦထက် သုံးပုံတစ်ပုံပဲရှိပါတယ်။ ဒါတွေလည်း ကျွန်တော်တို့ ပြန်လည်ပြီးတော့ စနစ်တကျ ပြန်လည်စီမံခန့်ခွဲရမယ့် အနေအထားဖြစ်ပါ တယ်။ ဒီသင်ကြားရေးဇုန်အတွင်းမှာရှိတဲ့အဆောက်အဦတွေမှာ ပြန်ကြည့်မယ်ဆိုရင် ဒါ Main အဆောင်အဦကြီးပါ။ Main အဆောက်အဦကြီးတောင်မှ တော်တော်ပျက်စီးနေပါပြီ။ ဒါ အားလုံး မြင်တဲ့အတိုင်းပါပဲ။ တော်တော်လေးကို ပြုပြင်ထိန်းသိမ်းမှုမရှိတဲ့ အနေအထားမျိုးရှိပါတယ်။ ဒါကတော့ ဒီဝန်းထဲမှာဆိုရင် ရှစ်လုံးရှိတယ်။ ရှစ်လုံးရှိတဲ့နေရာမှာ နှစ်လုံးပဲသုံးနိုင်ပြီး ကျန်တဲ့ခြောက် လုံးမသုံးနိုင်ပါဘူး။ တစ်ထပ်အဆောင်တွေပါ။ ပညာသင်ကြားလို့ကို မရတော့တဲ့ အခြေအနေပါ။ ဒါက ပထဝီဝန်းထဲမှာရှိတဲ့ အဆောက်အဦတွေပါ။ ဒါတွေလည်း တစ်ထပ်အဆောက်အဦတွေပါ။ ဒါတွေလည်း သုံးစွဲဖို့ရာ တော်တော်လေးကို ခေတ်နဲ့လျော်ညီခြင်း မရှိတော့ပါဘူး။ ဒီ ဖော်ပြထားတဲ့ အဆောက်အဦတွေက ဒါ အနုပညာအသင်းအဆောက်အဦပါ။ ဒီနေ့ဖော်ပြထားတဲ့အဆောက်အဦတွေ ဟာ ဒါ အချိန်အတိုင်းအတာအရ အချို့ကိုပဲဖော်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံမှာ ဒုတိယ သက်တမ်းအရင့်ဆုံးဖြစ်တဲ့ မန္တလေးတက္ကသိုလ်ကို အဆင့်မြင့်ပညာရပ်များသင်ကြားရာ၊ သုတေသန လုပ်ငန်းများဆောင်ရွက်ရာ ရပ်ဝန်းကောင်းတစ်ခုအဖြစ် စနစ်တကျ အဆင့်မြှင့်တင်ပေးရန်အတွက်

ပညာရေးဝန်ကြီးဌာနက အမြန်ဆုံးစီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာလှမိုးရဲ့မေးခွန်းဖြစ်သော မြန်မာနိုင်ငံတွင် ဒုတိယသက်သမ်းအရင့်ဆုံးဖြစ်သည့် မန္တလေးတက္ကသိုလ်အား အဆင့်မြင့်ပညာရပ်များသင်ကြားရာ၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရာ ရပ်ဝန်းကောင်းတစ်ခုအဖြစ် စနစ်တကျ အဆင့်မြှင့်တင်ပေးရန် ပညာရေးဝန်ကြီးဌာနက အမြန်ဆုံး စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးတက္ကသိုလ်ရဲ့ ဧရိယာအကျယ်အဝန်းဟာ စုစုပေါင်း ၂၂၀.၅၃ ဧကရှိပြီး မန္တလေးတက္ကသိုလ်အတွင်းရှိ အဆောက်အဦများကို ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပဲ ၁၉၂၄ ခုနှစ်မှစ၍ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အချို့သောအဆောက်အဦများဆိုရင် သက်တမ်း နှစ် ၁၀၀ နီးပါးရှိနေပြီး သက်တမ်း ၅၅ နှစ်နှင့်အထက် နှစ်ထပ်အုတ်တိုက်စာသင်ဆောင်နှစ်ဆောင်၊ တစ်ထပ်ဆောင် အုတ်ညှပ်၊ နံကပ် ၄၁ ဆောင်အနက် နှစ် ၄၀ ခန့်ရှိသော အဆောက်ခြောက်ဆောင်၊ နှစ် ၅၀ ခန့်ရှိသောအဆောင် ၁၈ ဆောင်၊ နှစ် ၉၀ ခန့်ရှိသော အဆောင်နှစ်ဆောင်၊ နှစ် ၇၀ ခန့်ရှိသောအဆောင် ငါးဆောင်၊ ၅၈ နှစ်ခန့်ရှိသောအဆောင်တစ်ဆောင် (အင်း၀ဆောင်)၊ ၅၅ နှစ်ရှိသောအဆောင်ကိုးဆောင် အစရှိသဖြင့် သက်တမ်းကြာမြင့်စွာရှိနေခြင်းကြောင့် သစ်သားတိုင်များပိုးစားခြင်း၊ မျက်နှာကြက်များ ပြုတ်ကျပျက်စီးခြင်း၊ ကြမ်းခင်းများကျွံကျခြင်း၊ အုတ်နံရံများ ဆားပေါက်ခြင်း စသည်တို့ဖြစ်ပေါ်ခဲ့ပြီး အဆောက်အဦအများစုမှာ သက်တမ်းကြောင့် ယိုယွင်းပျက်စီးသောအနေအထားရှိကြောင်း တွေ့ရှိရပါတယ်။ မန္တလေးတက္ကသိုလ်ကြီးရဲ့ ပင်မအဆောက်အဦမှာ ခုနကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပဲ သုံးထပ်အုတ်တိုက်အဆောက်အဦဖြစ်ပြီး ၁၉၂၄ ခုနှစ်မှာ တည်ဆောက်ခဲ့ခြင်းဖြစ်တဲ့အတွက် သက်တမ်းအားဖြင့် ၉၄ နှစ်ရှိပြီး တက္ကသိုလ်ရဲ့ သင်္ကေတလက္ခဏာလည်းဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ဒီပင်မဆောင်ကြီးကို အကြီးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြုပြင်ဆောင်ရွက်ဖို့အတွက် ဘဏ္ဍာငွေလျာထားဆောင်ရွက်ထားပါကြောင်း တင်ပြအပ်ပါတယ်။ ဒီပင်မဆောင်ကြီးကို အကြီးစားမွမ်းမံရန်လိုအပ်သကဲ့သို့ သက်တမ်းရင့်နေတဲ့ တစ်ထပ်ဆောင်နေရာတွေမှာ အဆောက်အဦအသစ်များ၊ ခေတ်နှင့်လျော်ညီသော စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ သုတေသနဓာတ်ခွဲခန်းများအဖြစ် အသုံးပြုနိုင်ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများကို အဆင့်အလိုက် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း

တင်ပြအပ်ပါတယ်။ ပထမဦးစားပေးအနေနဲ့ ၃.၄ ဧကအကျယ်အဝန်းရှိ တစ်ထပ်စာသင်ဆောင်များ နေရာမှာ ခေတ်မီငါးထပ်ဆောင်တည်ဆောက်ပေးခြင်း၊ ဘေးပတ်ဝန်းကျင်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒုတိယဦးစားပေးအနေဖြင့် ၂.၈၉ ဧရိယာကျယ်ဝန်းတဲ့ တစ်ထပ်ဆောင်စာသင်ဆောင် နေရာများမှာ ပြုပြင်ထိန်းသိမ်းရန် အဆောက်အဦများ အကြီးစာမွမ်းမံပြင်ဆင်ရန် လျာထားဆောင်ရွက် မှာဖြစ်ပါတယ်။ တတိယဦးစားပေးအနေနဲ့ ၂.၅၇ ဧက ကျယ်ဝန်းသော တစ်ထပ်ဆောင်နေရာဟောင်း များမှာ ငါးထပ်ဆောင်အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ စတုတ္ထဦးစားပေး အနေဖြင့် ၆.၄၂ ဧကကျယ်ဝန်းသော ညောင်ပင်ဝိုင်းနေရာကို ခေတ်မီလေးထပ်ဆောင် စာသင်ဆောင် တည်ဆောက်ခြင်းနှင့် ပတ်ဝန်းကျင်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားဆောင်ရွက် မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် မန္တလေးတက္ကသိုလ်ရဲ့ ဆရာဝန်ထမ်း လက်ရှိဖွဲ့စည်းပုံကို ပြင်ဆင်ရေးဆွဲတင်ပြထားပြီး ဖြစ်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။ ဖွဲ့စည်းပုံအသစ် အတည်ပြုချက်ရရှိပါက လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်မယ့် ဘာသာရပ်သင်တန်းများ တိုးချဲ့ သင်ကြားခြင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းပြီး သင်တန်းများတိုးချဲ့ဖွင့်လှစ်ခြင်းများ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ယခုလက်ရှိ တင်ပြချိန်အထိ နိုင်ငံတကာ တက္ကသိုလ်အဖွဲ့အစည်း ၃၃ ခုနဲ့ ပညာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများရေးထိုးပြီး သင်ကြားရေး၊ သင်ယူရေးနှင့် သုတေသနလုပ်ငန်းပေါင်းများစွာကို ပူးပေါင်းဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါ တယ်။ ၎င်းအပြင် ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ နိုင်ငံခြားသား ဆရာဆရာမများနှင့် နိုင်ငံခြား သား ကျောင်းသားကျောင်းသူများ လာရောက်ပညာသင်ကြားခြင်း၊ နိုင်ငံတကာဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ သုတေသနကွန်ဖရင့်များနှင့် အခြားပညာရပ်ဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ မန္တလေးတက္ကသိုလ်အား အဆင့်မြင့်ပညာရပ်များ သင်ကြား သင်ယူနိုင်ရေး၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရာ ပညာသင်မှုရပ်ဝန်းကောင်းအဖြစ် စနစ်တကျ အဆင့်တိုးတက်ရေး၊ အဆင့်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မန္တလေးတက္ကသိုလ် ဘက်စုံ အဆင့်မြှင့်တင်ရေးကော်မတီကို ဖွဲ့စည်းပြီးဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ ဒီဘက်စုံကော်မတီမှ စီမံကိန်းများ အဆင့်ဆင့်ရေးဆွဲပြီး မန္တလေးတက္ကသိုလ်အဆင့်မြှင့်တင်ခြင်းကို စနစ်တကျဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ အခြေခံပညာဦးစီးဌာနလက်အောက်ရှိ အလယ်တန်း၊ အထက်တန်းကျောင်း များတွင် တွဲဖက်အလယ်တန်း၊ တွဲဖက်အထကန်တန်းကျောင်းများကို တရားဝင်ခွင့်ပြုထားသော်လည်း ကျေးရွာများရှိ ကျူရှင်များသည် တွဲဖက်ကျောင်းများတွင် တရားမဝင်ထပ်တွဲကျောင်းများအဖြစ် ရှိနေကြသဖြင့် ထိုထပ်တွဲတွဲဖက်ကျောင်းများကို ထိန်းသိမ်းကြပ်မတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိုင်း(ဘိုကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ဂါရဝပြု

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘိုကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမင်းသိုင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အခြေခံပညာဦးစီးဌာနလက်အောက်မှာရှိတဲ့ အလယ်တန်း၊ အထက်တန်းကျောင်းများမှာ တွဲဖက်အလယ်တန်း၊ တွဲဖက်အထက်တန်းကျောင်းများကို တရားဝင်ခွင့်ပြုထားသော်လည်းပဲ ကျေးရွာများရှိကျူရှင်များဟာ တရားဝင်ခွင့်ပြုထားတဲ့ တွဲဖက် ကျောင်းများမှာ တရားမဝင်တဲ့ ထပ်တွဲများအဖြစ် ရှိနေခြင်းဖြစ်ပါတယ်။ ထိုထပ်တွဲများ များပြားလာ ပြီးတော့ အခြေခံပညာဦးစီးဌာနရဲ့မူဝါဒများကို ထိခိုက်စေသဖြင့် ထိုထပ်တွဲကျောင်းများကို ထိန်းသိမ်း ကြပ်မတ်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘိုကလေးမြို့နယ်အတွင်းမှာ အထက်တန်းကျောင်းပေါင်း ၁၁ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ)ကျောင်းပေါင်း ၁၀ ကျောင်း၊ အလယ်တန်းကျောင်း ပေါင်း ၉ ကျောင်းနှင့် အလယ်တန်းကျောင်း(ခွဲ)ကျောင်းပေါင်း ၅၂ ကျောင်း ရှိပါတယ်။ မူလတန်းကျောင်းပေါင်း ၄၀၀ နီးပါးရှိပါတယ်။ ဒါတွေဟာ အခြေခံပညာဦးစီးဌာနက တရားဝင်ခွင့်ပြုထားတဲ့ကျောင်းများဖြစ်ပါတယ်။ ဒီအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်း တွေကို တရားမဝင်တွဲဖက်တွေ ထပ်ပြီးတော့ တွဲပြီးတော့မှ ဖွင့်လှစ်နေတာကို ရွာတွေမှာ တွေ့ရပါတယ်။ အဲဒီတော့ ဒီတရားမဝင်တွဲထားတဲ့ တွဲကျောင်းတွေဟာ သူတို့မှာရှိတဲ့ကျောင်းသား စာရင်းကို မူလတွဲတဲ့ကျောင်းရဲ့ ကျောင်းသားစာရင်းမှာလာပြီးတော့ ပေါင်းထည့်ထားတာကိုလည်းပဲ လေ့လာတွေ့ရှိရပါတယ်။ အဲဒီတော့ အဲဒီလိုပေါင်းထည့်ထားတဲ့အခါမှာ ဘေးထွက်ဆိုးကျိုးများ ပေါ်ပေါက်လာပါတယ်။ (၁)ကတော့ ကျောင်းအသေးသုံးကို ကျောင်းအုပ်ဆရာကြီးဆရာမကြီးတွေက ကျောင်းအသေးသုံးတောင်းခံတဲ့အခါမှာ ဘေးထွက်ဆိုးကျိုး နံပါတ်(၁)၊ (၂)က ကျောင်းဆရာဆရာမ ဦးရေတောင်းခံခြင်း ဖြစ်ပါတယ်။ (၃)ကတော့ လစဉ်စာမေးပွဲ ငယ်များရဲ့စာမေးပွဲစရိတ် တောင်းခံခြင်း ကိစ္စ ဖြစ်ပါတယ်။ (၄)ကတော့ ဒီတွဲကျောင်းများရဲ့ ကျောင်းသားစာရင်း၊ ကျောင်းခေါ်ချိန်စာရင်းတွေ၊ လချုပ်စာရင်း၊ နှစ်ချုပ်စာရင်းတွေကို လက်ထောက်ဆရာဆရာမများ ပြုလုပ်ပေးရတဲ့အခါမှာ လက်ထောက်ဆရာဆရာမများမှာ ဖိအားတွေဖြစ်ပေါ်လာပါတယ်။ အဲဒီတော့ ဒီကိစ္စတွေကို မြို့နယ် တွေ၊ ခရိုင်တွေမှာရှိတဲ့ ပညာရေးအရာရှိတွေက မစစ်ဘူးလားဆိုတော့ မြို့နယ်မှာရှိတဲ့အရာရှိတွေ၊ ခရိုင်ပညာရေးအရာရှိတွေက ကျောင်းတွေကို စစ်တာပါ။ ဘိုကလေးမြို့နယ်မှာဆိုလို့ရှိရင် ကျေးရွာ ပေါင်း ၅၇၅ ရွာရှိတော့ လွှတ်တော်နားနေချိန်မှာ ကျွန်တော်တို့က ရွာတွေကိုဆင်းတဲ့အခါမှာ ဒီကျောင်းလေးတွေကို တွေ့တယ်။ ဒီပညာရေးအရာရှိတွေက ဒီရွာတွေကို အကုန်လုံးဆင်းတာ မဟုတ်ဘူး။ သူတို့က ကျောင်းကိုဆင်းတာ။ သူတို့က ကျောင်းပဲစစ်မှာ။ ကျွန်တော်တို့ အဲဒီလိုတွေ့တဲ့ အခါကျတော့ ဒီတွဲကျောင်းတွေဟာ ပညာရေးမူဝါဒနှင့် မညီညွတ်ဘူး။ အဲဒီတော့မညီညွတ်ဘူးဆိုရင် လည်းပဲ ဒီနေရာမှာ ဒီကျောင်းတွေကို ဖျက်သိမ်းရမှာလား။ အဲဒီတော့ ကျွန်တော်တို့ဘိုကလေးမြို့ ဆိုတာက မြစ်ချောင်းပေါများတယ်။ သွားရေး၊ လာရေးခက်ခဲတယ်။ အဲဒီတော့ မြစ်ချောင်းပေါများ တယ်ဆိုပြီးတော့ လှေတွေ၊ သမ္ဗာန်တွေ၊ ပဲ့ထောင်တွေနဲ့ သွားလို့ရမလားဆိုတော့လည်း အခုခေတ်က မြစ်ရဲ့ကြမ်းပြင်မြင့်တက်လာတဲ့အခါမှာ မြစ်ရော၊ ချောင်းရော ကောမှုတွေ များလာပြီ။ အဲဒီတော့

သွားရေးလာရေးခက်လာပြီ။ ကျွန်တော်တို့ကိုယ်တိုင်ကြုံတာက ရေတက်လာတဲ့အချိန်ကျမှ အဲဒီမြစ်ချောင်းတွေက သွားလို့ရတယ်။ ရေမရှိရင် အဲဒီမြစ်ထဲမှာ ပဲ့ထောင်ထဲမှာနေရတယ်။ အဲဒီတော့ သွားရေးလာရေးခက်ခဲတဲ့နေရာတွေမှာ ဒီကျောင်းတွေရှိတာကလည်းပဲ နယ်မြေရဲ့ ဒေသရဲ့ လိုအပ်ချက်တွေက ဖြစ်နေတယ်။ အဲဒီတော့ သို့အတွက်ကြောင့် ပညာရေးဥပဒေနှင့် ပညာရေးနှင့် မကိုက်ညီတဲ့ ဒီကျောင်းတွေကို ဖျက်သိမ်းဖို့ဆိုတာလည်းပဲ နယ်မြေအခြေအနေအရ မဖြစ်ပါဘူး။ သို့အတွက်ကြောင့် ဒီပညာရေးမူဝါဒနှင့်ကိုက်ညီလာအောင်၊ ဘောင်ဝင်လာအောင်၊ အံဝင်ဂွင်ကျဖြစ်လာအောင် ဒီတွဲကျောင်းလေးတွေကို ပညာရေးဌာနအနေနဲ့ မည်ကဲ့သို့ စဉ်းစားထိန်းသိမ်းကြပ်မတ်ပေးမလဲ။ မည်သည့်နည်းလမ်းဖြင့် ကူညီဆောင်ရွက်ပေးမလဲဆိုတာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမင်းသိုင်း၏မေးခွန်းဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ အခြေခံပညာဦးစီးဌာနအောက်ရှိ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများတွင် တွဲဖက်အလယ်တန်းကျောင်း၊ တွဲဖက်အထက်တန်းကျောင်းများကို တရားဝင်ခွင့်ပြုထားသော်လည်း ကျေးရွာများရှိ ကျူရှင်များသည် တရားဝင်ခွင့်ပြုထားသော တွဲဖက်ကျောင်းများတွင် တရားမဝင်ထပ်တွဲကျောင်းများအဖြစ် ရှိနေကြခြင်းဖြစ်ရာ ထိုထပ်တွဲကျောင်းများ၏စာရင်းများပြားလာပြီး အခြေခံပညာဦးစီးဌာန၏မူဝါဒကို ထိခိုက်စေသဖြင့် ထပ်တွဲတွဲဖက်ကျောင်းများကို ထိန်းသိမ်းကြပ်မတ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်းလျော့ပါးစေရေး ဒီလိုရည်မှန်းချက်တွေနဲ့ နှစ်စဉ်ကိုယ်ထူကိုယ်ထမူလတန်းကျောင်းများကို အခြေခံပညာမူလတန်းကျောင်း(ခွဲ)များအဖြစ်လည်းကောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ)များအား အခြေခံပညာမူလတန်းကျောင်းအဖြစ်သို့လည်းကောင်း၊ အခြေခံပညာမူလတန်းကျောင်းများအား အခြေခံပညာမူလတန်းလွန်ကျောင်းများအဖြစ်လည်းကောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းများအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များအဖြစ်သို့လည်းကောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များအား အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့လည်းကောင်း အဆင့်ဆင့်ပညာသင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ်ဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်မှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ပေါင်း ၁၀ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၄ ကျောင်း၊ အခြေခံ

ပညာမူလတန်းလွန်ကျောင်း ၁၀ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကျောင်း ၃ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၇ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၃၅ ကျောင်း တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိစာရင်းအရဆိုရင် ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ်ဖြစ်တဲ့ ဘိုကလေးမြို့နယ်မှာ အခြေံပညာမူလတန်းကျောင်း(ခွဲ)ပေါင်း ၃၈ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းပေါင်း ၂၉၆ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၆၆ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၅၂ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၉ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၁၀ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း ၁၁ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၄၈၂ ကျောင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် မြစ်ကူးချောင်းကူး သွားလာရေးခက်ခဲတဲ့ဒေသများမှာ ကလေးငယ်များရဲ့ပညာသင်မှု အခွင့်အလမ်းရရှိရေးအတွက် အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျောင်းဖြစ်မြောက်ရေးကော်မတီများ၊ ဒီကျောင်းလေးတွေကို နိုင်ငံတော်ပိုင်၊ ဝန်ကြီးဌာန၏တရားဝင်မြေ အမည်ပေါက်ရှိအောင် လိုအပ်သော ကျောင်းမြေပိုင်ဆိုင်မှုရှိမယ်၊ ကျောင်းအဆောက်အဦရှိမယ်ဆိုရင် ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းများအဖြစ် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများသို့ တရားဝင် စတင်လျှောက်ထားနိုင်ပါတယ်။ ဒီလိုတရားဝင်လျှောက်ထားလာရင် ပညာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်တာတွေကို ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းများအဖြစ် ဦးစွာတရားဝင်စာရင်းပေါက်ပြီးမှသာ သက်ဆိုင်ရာ ကျောင်းအဆင့်များသို့ သတ်မှတ်မူများအနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏သဘောထားမှတ်ချက်များနှင့်အညီ အဆင့်တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုမှ တရားဝင်အဆင့်ဆင့်မဆောင်ရွက်ဘဲနဲ့ တွဲဖက်ဆောင်ရွက်ခြင်းများ ရှိမယ်ဆိုရင်တော့ သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်း၊ စည်းကမ်း၊ ဥပဒေများအရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများမှ အထူးကြပ်မတ် ဆောင်ရွက်ပေးပါမည် ဖြစ်ကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမင်းသိုင်း(ဘိုကလေးမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ ပညာရေးဒုတိယဝန်ကြီး ဖြေကြားသွားတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော်ဆက်စပ်မေးခွန်းလေး မေးပါရစေ။ ဆက်စပ်မေးခွန်းက အလယ်တန်းနှင့် အထက်တန်းကျောင်းတွေမှာ တွဲဖက်ထားတဲ့ အရပ်ခေါ်က ခိုးတွဲလို့ခေါ်တာပေါ့။ အဲဒီ တချို့ကျောင်းတွေဟာ အထက်တန်းကျောင်းလည်းရှိတယ်။ အလယ်တန်းကျောင်းလည်းရှိတယ်။ အဲဒီ တော့ သူတို့ကို ၁၉၈၄-၁၉၈၅ ကျူရှင်ဥပဒေများနဲ့ ကိုက်ညီမှုရှိပါ့မလား။ ကိုက်ညီရင်လည်း ကျူရှင်ဖွင့်ခွင့်များရမလားဆိုတာကိုလည်း ကျွန်တော်ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းခွင့်ပြုပါခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြန်လည်ဖြေကြားပေးပါ။ မိုက်ပိတ်ပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ကိုယ့်အားကိုယ်ကိုးကျောင်းလေးများဖွင့်ရင်သော်လည်းကောင်း၊ မူလတန်းကျောင်း(ခွဲ)ဖွင့်ရင်သော်လည်းကောင်း၊ ကိုယ်ပိုင်ပညာသင်ကျောင်းဖွင့်ရင်သော်လည်းကောင်း၊ ကျူရှင်သင်တန်းဖွင့်ရင်သော်လည်းကောင်း သတ်မှတ်ထားသော ဥပဒေများပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ထုံးလုပ်နည်းများအတိုင်း ပြည့်စုံအောင်၊ ဥပဒေနှင့်ညီညွတ်အောင် ဆောင်ရွက်နိုင်ရင် ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ပခုက္ကူ-ကြံခင်းမီးရထားလမ်းဖောက်လုပ်ရာတွင် နစ်နာဆုံးရှုံးသွားသော တောင်သူများအနက် လျော်ကြေးငွေမရရှိသေးသော တောင်သူ (၂၂)ဦးအား လျော်ကြေးငွေပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးပိုက်ကို(ပခုက္ကူမဲဆန္ဒနယ်) ။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး ပခုက္ကူမဲဆန္ဒနယ်က ဦးပိုက်ကို ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ပခုက္ကူ-ကြံခင်းမီးရထားလမ်းဖောက်လုပ်ရာမှာ ပါဝင်သွားတဲ့ကျေးရွာများအနက်က ကံလှကျေးရွာနေ ဦးစည်ဦးအပါအဝင် တောင်သူ ၂၂ ဦးရဲ့ ယာမြေဧက ၁၇.၆၃ ၏ လျော်ကြေးငွေနှင့်စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ ၎င်းမေးခွန်းအား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး ၂၀၁၆ ခုနှစ် ဇွန်လအတွင်းက ကြယ်ပွင့်မပြမေးခွန်းမေးမြန်းခဲ့ပါတယ်။ အဲဒီလိုမေးမြန်းရာမှာ ဝန်ကြီးဌာနကနေပြီးတော့ စာအမှတ်(ရထ ၂/လမ(လွှတ်တော်အမေးအဖြေ) ၂၀၁၆-၁၄၀၈ ဖြင့်ပြန်ကြားခဲ့ပါတယ်။ ဒီပြန်ကြားရာမှာ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီမှ ကာလပေါက်ဈေးနှင့်အညီ လျော်ကြေးတွက်ချက်ပြီး ပခုက္ကူခရိုင်နှင့်မကွေးတိုင်းဒေသကြီး၊ လယ်ယာမြေနှင့် အခြားများသိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေး ကော်မတီသို့ အဆင့်ဆင့်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် လျာထားတောင်းခံသွားမည်ဖြစ်ကြောင်း ပြန်ကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပြည်သူ့အစိုးရလက်ထက်မှာ နစ်နာနေတဲ့တောင်သူများရဲ့ သိမ်းဆည်းခံလယ်ယာမြေများနှင့်ပတ်သက်ပြီး အလေးထားပြီးပြန်လည်စိစစ်ဖို့အတွက် ဗဟိုကော်မတီကို ဒုတိယသမ္မတက ဥက္ကဋ္ဌအနေဖြင့်လည်းကောင်း၊ လွှတ်တော်များကလည်း အဖွဲ့များဖွဲ့ပြီးတော့ ဆောင်ရွက်နေတာကို ပြည်သူများက သိရှိပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ အထက်တင်ပြပါ မေးခွန်းအရ တင်ပြခဲ့ပေမဲ့ ယခုအခါ တစ်နှစ်ခွဲခန့်ကြာသည့်အထိ လျော်ကြေးငွေမရရှိသေးသဖြင့် နစ်နာနေသော တောင်သူများမှ ထပ်မံတင်ပြလာသောကြောင့် ၎င်းတို့ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၏ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပခုက္ကူ-ကြံခင်းမီးရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွား၍ နစ်နာဆုံးရှုံးသွားသော တောင်သူများအနက် လျော်ကြေးငွေမရရှိသေးသော တောင်သူ ၂၂ ဦးအား လျော်ကြေးငွေပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးသာဦးက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသည့်အတိုင်း ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရာမှာ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် ကံလှကျေးရွာအုပ်စုမှ ပါဝင်သွားသော ယာမြေများအား မြန်မာ့မီးရထား၊ ပခုက္ကူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် သက်ဆိုင်ရာဒေသခံများပူးပေါင်း၍ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ကံလှကျေးရွာအုပ်စုမှ တောင်သူ ၂၂ ဦး၏ သိမ်းဆည်းမြေဧရိယာ ၁၇.၆၃ ဧကဖြစ်ကြောင်း ပခုက္ကူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အတည်ပြုပေးထားပြီးဖြစ်ပါတယ်။

အဆိုပါသိမ်းဆည်းမြေ ၁၇.၆၃ ဧကအတွက် မကွေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ လျော်ကြေးတန်ဖိုး အတည်ပြုချက်ဆောလျင်စွာ ရရှိရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အင်ဂျင်နီယာမှူး (မြို့ပြ)၊ တိုင်းအမှတ်(၁၀) ပခုက္ကူအနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလနှင့် ဇွန်လတို့တွင် မြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ ညှိနှိုင်းစာနှစ်ကြိမ်ပေးပို့ခဲ့ပြီး ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလနှင့် နိုဝင်ဘာလတို့တွင်လည်း ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ညှိနှိုင်းစာနှစ်ကြိမ် တင်ပြခဲ့ပါတယ်။ ယခု ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ပခုက္ကူမြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီထံ ထပ်မံညှိနှိုင်းခဲ့ရာ ပခုက္ကူမြို့နယ်မှ ပခုက္ကူခရိုင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ဆက်လက်တင်ပြထားကြောင်း သိရှိရပါတယ်။

ပခုက္ကူခရိုင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ လျော်ကြေးတန်ဖိုးများ စိစစ်အတည်ပြုချက်ရရှိရန်အတွက် မြန်မာ့မီးရထားအနေနဲ့ လိုအပ်သောအထောက်အထားများကိုလည်း ပံ့ပိုးပေးထားပြီးဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှလည်း လျော်ကြေးပေးချေနိုင်ရေးအတွက် နစ်နာကြေးနှင့် လျော်ကြေးပေးဆောင်ရန် တွက်ချက်မှုပုံစံ(၁၂)ဖြင့် ဥက္ကဋ္ဌ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ နေပြည်တော်သို့ ၂၂-၂-၂၀၁၈ ရက်နေ့တွင်တင်ပြခဲ့ရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လျော်ကြေးတန်ဖိုး အတည်ပြုချက်အား ၆-၃-၂၀၁၈ ရက်နေ့တွင် ပြန်ကြားထားပြီးဖြစ်ပါကြောင်း သိရှိရပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်အတွင်း သိမ်းဆည်းမြေများအတွက် ယခင်ပေးချေခဲ့သော ယာမြေ(၁)ဧက

လျော်ကြေးနှုန်းထားမှာ ငွေကျပ် ၁.၅ သန်းဖြစ်ပြီး ယခုတင်ပြထားသော ကံလှကျေးရွာအုပ်စုမှ တောင်သူ ၂၂ ဦး၏ သိမ်းဆည်းမြေ ၁၇.၆၃ ဧကအတွက် မြေလျော်ကြေးတန်ဖိုးငွေကျပ် ၂၆.၄၄၅ သန်းခန့်ပေးချေရမယ်ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လျော်ကြေးတန်ဖိုးအတည်ပြုချက်အား ၁၃-၃-၂၀၁၈ ရက်နေ့တွင်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့မီးရထားအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ မြေယာလျော်ကြေးခွင့်ပြုလက်ကျန်ငွေကျပ် ၃၇.၇၀၈ သန်းမှကျခံ၍ ကာယကံရှင်များထံ လျော်ကြေးငွေများအား ယခုဘဏ္ဍာရေးနှစ်အမီ ပေးချေသွားမည်ဖြစ်ပါကြောင်း လေးစားစွာရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးပိုက်ကို(ပခုက္ကူမဲဆန္ဒနယ်)** ။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို မီးရထားပို့ဆောင်ရေးဝန်ကြီးဌာနကနေပြီးတော့ ရှင်းလင်းတင်ပြတဲ့အတွက် နစ်နာနေတဲ့တောင်သူများကိုယ်စား အထူးပဲဝမ်းသာပါတယ်။ တစ်ဆက်တစ်စပ်တည်းမေးခွန်းကတော့ ကျွန်တော် ပထမမေးခွန်းမှာမေးထားလိုက်တဲ့အတိုင်းပါပဲခင်ဗျား။ ပခုက္ကူ-ကြံခင်းမီးရထားလမ်းမှာပါဝင်တဲ့ ကျေးရွာများအနက်က ကံလှကျေးရွာအပြင် နောက်ထပ်ထပ်မံတင်ပြထားတဲ့ အောက်ပါကျေးရွာတွေရှိပါတယ်။ လူဦးရေ ၁၁၈ ဦး၊ မြေဧက ၉၁.၉၈ ဧကအတွက် မြင်းကြိုင်ကျေးရွာမှ ၁၁ ဦး ၈.၈ ဧက ၊ မြို့ကင်းသာ ကွန်ပျူတာကျောင်းဆောက်လုပ်ရန်အတွက် ၆ ဦး ၇.၉၄ ဧက၊ လယ်ရွာကျေးရွာ ၁၄ ဦး ၁၁.၀၄ ဧက၊ ချောက်ကံကျေးရွာ ၃၇ ဦး ၂၄.၉၃ ဧက၊ မြစ်ခြေကျေးရွာ ဘူတာဆောက်လုပ်ရန်အတွက် ၃ ဦး ၅.၂၅ ဧက၊ အနောက်ချောက်ကံ ၁ ဦး ၀.၉၉ ဧက၊ ညောင်လှတောင်သူ ၁၃ ဦး ၇.၂၅ ဧက၊ မြစ်ခြေအုပ်စု ၃၃ ဦး ၂၄.၇၈ ဧကကို ထပ်မံပြီးတင်ပြထားတာရှိပါတယ်။ အဲဒါအတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမလဲဆိုတာကို တောင်သူများကိုယ်စား သိချင်တဲ့အတွက် ဆက်စပ်မေးခွန်းမေးရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ပထမတင်ပြတဲ့ ဒီမေးခွန်းမှာ တောင်သူ ၂၂ ဦးလျော်ကြေးကိစ္စနဲ့ပတ်သက်ပြီးပဲပါတဲ့အတွက် ဒါကို စိစစ်တင်ပြပြီးဖြစ်ပါတယ်။ အခု ဆက်စပ်ပြီးမေးခဲ့တဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြန်လည်စိစစ်ပြီး တင်ပြပါမယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ကျွန်တော်တို့ ကိုယ်စားလှယ်များ အထူးသတိပြုပါ။ နည်းဥပဒေ ၁၄၀ နည်းဥပဒေခွဲ(စ)။ ဒါဘာလဲဆိုတော့ လွှတ်တော်တွင်ဖြေဆိုပြီးသော မေးခွန်းများနှင့် သဘောထားချင်း တူညီတဲ့မေးခွန်းမဖြစ်စေရဆိုတာပါပါတယ်။ အဲဒီတော့ ဒါအခုဆွေးနွေးတော့မှပဲ ပထမတုန်းက ကြယ်ပွင့်မပြနဲ့ ပြီးခဲ့ပြီးပြီ။ လျော်ကြေးပေးမယ်လို့ ကတိရထားတယ်။ အခု ဒါကြယ်ပွင့်ပြနဲ့ပြန်မေးတာတွေ့ရတယ်။ ဒီမှာ လွှတ်တော်တွင် ဖြေဆိုပြီးဖြစ်သောမေးခွန်းဆိုတာ ကြယ်ပွင့်ပြသည်ဖြစ်စေ၊ မပြသည်ဖြစ်စေ။ ကြယ်ပွင့်ပြမေးခွန်းပဲဖြစ်ဖြစ်၊ ကြယ်ပွင့်မပြတဲ့မေးခွန်းပဲဖြစ်ဖြစ် အဲဒီမှာလည်း သဘောထား

တူညီတဲ့ မေးခွန်းမျိုးဆို မမေးသင့်ပါဘူး။ တကယ်လို့ ကြယ်ပွင့်မပြမေးခွန်းမှာ ကတိကဝတ်ပြုပြီးပြီ လျော်ကြေးပေးမယ်ဆိုရင် လွှတ်တော်မှာထပ်တင်ပြီးမှ မေးလို့ရတာမဟုတ်ပါဘူး။ ကျွန်တော်တို့ လွှတ်တော်ကဖွဲ့ထားတဲ့ အစိုးရရဲ့အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဆိုတာရှိပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်ပြီး ဒီလိုဒီလို ကတိကတိရထားတယ်။ ဝန်ကြီးဌာနက မဆောင်ရွက်ပေးသေးဘူး။ ဒါတင်လိုက်လို့ရှိရင် ဒီကော်မတီကနေပြီးတော့ ဝန်ကြီးဌာနနဲ့ ကော်မတီမှာ ခေါ်တွေ့ပြီးတော့ ဒါကိုညှိနှိုင်းဖြေရှင်းဆောင်ရွက်ချင်ရင် ဒီထက်မြန်မယ်ဖြစ်ပါတယ်။ အခုကျတော့ ဒီလ ၁၃ ရက်နေ့ကျမှပဲ ခုနက အဆင်ပြေအောင်လုပ်ထားတဲ့အနေအထားတစ်ခုသွားတွေ့ရပါတယ်။ ဒါတစ်ခုပါ။ နောက်တစ်ခုက ဆက်စပ်မေးခွန်း။ ဆက်စပ်မေးခွန်းဆိုတာ ဝန်ကြီးဌာနဘက်က ဖြေတာ မှန်ပါတယ်။ ဆက်စပ်မေးခွန်းဆိုတာ ကျွန်တော်တို့ ပထမမေးခွန်းနဲ့ ဝန်ကြီးဌာနက ပြန်ဖြေတာနဲ့ ကွဲလွဲသွားတဲ့အပေါ်မှာ ဆက်စပ်ရတာပါ။ ပထမမေးခွန်းအတိုင်းပဲ ဝန်ကြီးဌာနကဖြေဖို့လုပ်လာတယ်။ ဒီကျတော့မှ ပထမမေးခွန်းမှာမပါတဲ့ ရွာတွေနဲ့သွားပြီး မေးလိုက်တဲ့အခါကျတော့ အဆင့်သင့်မဖြစ်ဘူး။ ဒါဆက်စပ်မေးခွန်းမဟုတ်ပါဘူး။ ဒါမေးခွန်းသစ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဆက်စပ် မေးခွန်းရဲ့သဘောသဘာဝကိုလည်း ကျွန်တော်တို့ကိုယ်စားလှယ်များ သိရှိစေလိုပါတယ်။

**ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ သံချက်ဝန်ဦးမြူရထားဖြတ်လမ်းကို ရထားလမ်းကူးဂိတ်ထားရှိကာ ပြန်လည်ဖွင့်လှစ်ပေးမည်ကိုအစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေကျော်[ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်]**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေကျော် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ သံချက်ဝန်ဦးမြူရထားဖြတ်ကားလမ်းကို ဒေသအတွက် အကျိုးရှိစွာအသုံးပြုခွင့်မရဘဲ လမ်းကိုပိတ်ထားခဲ့သည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်သဖြင့် အဆိုပါ ဦးမြူရထားဖြတ်ကားလမ်းကို ရထားလမ်းကူးဂိတ်ထားရှိပြီး ပြန်လည်ဖွင့်လှစ်ပေးဖို့ အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ ဒဂုံတက္ကသိုလ်ဘူတာနဲ့ တိုးချောင်လေးဘူတာတို့ ဆက်သွယ်ထားသော မီးရထားလမ်းဟာ မင်းရဲကျော်စွာလမ်းနဲ့ သံချက်ဝန်ဦးမြူလမ်းတို့ကို ဖြတ်ပြီးဖော်လုပ်ထားပါတယ်။ အဆိုပါ လမ်းမကြီးနှစ်ခုအနက် မင်းရဲကျော်စွာလမ်းမကြီးပေါ်တွင် ကား၊ ရထားလမ်းကူးဂိတ်ထားရှိပြီး သံချက်ဝန်ဦးမြူလမ်းပေါ်တွင် ကား၊ ရထားလမ်းကူးဂိတ်မထားရှိသဖြင့် ၂၀၁၆ ခုနှစ်၊ မေ ၁၂ ရက်နေ့ ညနေပိုင်းမှာ ရထားနဲ့ကားတိုက်မှု အကြီးအကျယ်ဖြစ်ပွားခဲ့ရပါတယ်။ အဲဒီလိုမျိုး နောက်နောင် မဖြစ်စေရန်အတွက် ရထားနဲ့ကားတိုက်မှုတွေ ထပ်မဖြစ်အောင်ဆိုပြီး ၎င်းသံချက်ဝန်ဦးမြူကားလမ်း ပေါ်မှာ သံပေါင်ကြီးများနှင့်တားဆီးပြီး ကားသွားလာခွင့်ကို ပိတ်ထားခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါတယ်။ ဖြစ်သင့်သည်မှာ ရှိပြီးသားလမ်းမကြီးကို ပိတ်ပစ်ရန်မလိုဘဲ အဆိုပါနေရာတွင် ကား၊ ရထားလမ်းကူးဂိတ်ထားရှိခြင်းမျိုးသာ အမှန်တကယ်လုပ်ဆောင်သင့်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အတွင်းရှိ အဓိကလမ်းမကြီးများဖြစ်သော မင်းရဲကျော်စွာနှင့် သံချက်ဝန်ဦးမြူလမ်းတို့ဟာ မြို့နယ်ရဲ့မီးသတ်၊ ဆေးရုံ၊ တရားရုံး၊ ဌာနဆိုင်ရာရုံးများနှင့် စက်ရုံ၊ အလုပ်ရုံများကိုသွားလာရာမှာ မြန်ဆန်လွယ်ကူစွာ သွားလာနိုင်တဲ့လမ်းမများဖြစ်ပါတယ်။ မကြာသေးမီက မင်းရဲကျော်စွာလမ်းမကြီး ကို အဆင့်မြှင့်တင်ပြင်ဆင်ဖို့အတွက် လမ်းခေတ္တပိတ်ထားချိန်မှာ လမ်းလွှဲအဖြစ်အသုံးပြုနိုင်မယ့် သံချက်ဝန်ဦးမြူရထားဖြတ်ကားလမ်းကို ပြန်လည်ဖွင့်လှစ်ပေးဖို့ သက်ဆိုင်ရာကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် တင်ပြတောင်းဆိုခဲ့သော်လည်း ထူးခြားမှုမရှိခဲ့ပါ။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်နေ့တွင် မင်းရဲကျော်စွာလမ်းမကြီး ပြန်ဖွင့်နိုင်ခဲ့သော်လည်း အကျယ် ၂၄ ပေရှိပြီး အရှည်ပေ ၈၀၀၀ ထောင်ကျော်ရှိတဲ့ သံချက်ဝန်ဦးမြူလမ်းကို ယနေ့တိုင်ဖွင့်လှစ်ပေးခဲ့ခြင်းမရှိသေးပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့တွင်း မြို့ပတ်လမ်းရထား လမ်းတစ်လျှောက်ရှိ ကား၊ ရထားလမ်းကူးဂိတ် ၂၅ ခုအတွက် ဂျပန်နည်းပညာဖြင့် အလိုအလျောက် အဖွင့်၊ အပိတ်စနစ်(Automatic Level Crossing)တပ်ဆင်တော့မယ်လို့ မြန်မာ့မီးရထားထံမှ သိရပါတယ်။ ဒီလိုအခြေအနေရှိနေချိန်မှာ သံချက်ဝန်ဦးမြူရထားဖြတ်လမ်းကိုတော့ ပြန်လည်ဖွင့်လှစ် ပေးဖို့အချိန်တန်နေပြီလို့ တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ မြို့သစ်များရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသောအားဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၏ သံချက်ဝန်ဦးမြူ လမ်းမကြီးအတွက် ကား၊ ရထားလမ်းကူးဂိတ်ထားရှိပြီး လမ်းပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ နဲ့ အစီအစဉ်ရှိပါက ၎င်းလမ်းကို မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးမည်ကို သိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေကျော်၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ သံချက်ဝန်ဦးမြူရထားဖြတ်လမ်းကို ဒေသအတွက်အကျိုးရှိစွာ အသုံးပြုခွင့် မရဘဲ လမ်းကိုပိတ်ထားခဲ့သည်မှာ နှစ်နှစ်ခန့်ရှိနေပြီဖြစ်သဖြင့် အဆိုပါ ဦးမြူရထားဖြတ် လမ်းကို ရထားလမ်းကူးဂိတ်ထားရှိကာ ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန် ကာလတွင် ပြန်လည်ဖွင့်လှစ်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးသာဦးက ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်အား ဖြေကြားရပါလျှင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ၁၁၈ ရပ်ကွက်၊ စက်မှုဇုန်သံချက်ဝန်ဦးမြူလမ်းရှိ လမ်းကူးမှာ ဒဂုံတက္ကသိုလ်လမ်းပိုင်း မိုင်တိုင်အမှတ်(၁၀)၊ ကြေးနန်းခန်းအမှတ်(၈)နှင့်(၉)ကြားတွင်ရှိပြီး တရားမဝင်ကားလမ်းကူးဖြစ်ပါ

တယ်။ တရားဝင်ကားလမ်းကူးဖြစ်သော မင်းရဲကျော်စွာကားလမ်းကူးမှာ မိုင်တိုင်အမှတ်(၁၀)၊ ကြေးနန်းခန်းအမှတ်(၁၁)နှင့်(၁၂)ကြားတွင်ရှိပါတယ်။ မြန်မာ့မီးရထားအထွေထွေနည်းဥပဒေအပိုဒ် (၁၀) အပိုဒ်ခွဲ (ခ)(၂)အရ တစ်မိုင်အတွင်း ကားလမ်းကူး(Level Crossing)နှစ်ခုမရှိရန် ပြဋ္ဌာန်းထားပြီး ပြန်လည်ဖွင့်လှစ်ရန် တောင်းခံထားသည့် တရားမဝင်ကားလမ်းကူးမှာ မင်းရဲကျော်စွာလမ်းတရားဝင်ကားလမ်းကူးမှ ပေ ၆၆၀ အကွာတွင်ရှိနေပြီး မင်းရဲကျော်စွာလမ်းမှတစ်ဆင့် ဖော်ပြပါနေရာများသို့ ငါးမိနစ်အတွင်းသွားနိုင်သော လမ်းသွယ်များရှိနေပါတယ်။ တရားဝင်နှင့် တရားမဝင်လမ်းကူးများတွင် ရထားနှင့်အခြားယာဉ်တိုက်မိမှုများ မကြာခဏဖြစ်ပွားနေသဖြင့် ၎င်းမတော်တဆမှုများလျော့နည်းစေရေးအတွက် တရားမဝင်လမ်းကူးဖြစ်သည့် ဦးမြူကားလမ်းကူးအား ပြန်လည်ဖွင့်လှစ်ပေးရန် ခွင့်မပြုသင့်ပါကြောင်း သုံးသပ်ရရှိပါတယ်။

ဆက်လက်ပြီးတင်ပြလိုတာက ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့နယ်/ကျေးရွာဒေသအစီအစဉ်ဖြင့် ဖောက်လုပ်ထားသော ရထားလမ်းနှင့်ကားလမ်းကူး(Level Crossing)တွင် တရားမဝင်ဂိတ် ၂၄၈၅ ဂိတ်ရှိပါတယ်။ ၎င်းအနက် ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်ကားလမ်းကူးဂိတ် ၆၆ ဂိတ်ရှိပါတယ်။ မြန်မာ့မီးရထားအနေဖြင့် ရထားနှင့်အခြားယာဉ်များတိုက်မိသည့် မတော်တဆမှုများ လျော့နည်းစေရေးအတွက် ရထားလမ်းနှင့်ကားလမ်းကူး(Level Crossing) တရားမဝင်ဂိတ်များပိတ်သိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လိုအပ်သည်များ စီစဉ်ညွှန်ကြားပေးနိုင်ပါရန် နိုင်ငံတော်သမ္မတရုံးသို့တင်ပြခဲ့ရာ ဆက်လက်ဆောင်ရွက်ခွင့်ပြုခဲ့ပြီး ပြည်ထောင်စုအစိုးရရုံးအဖွဲ့ကလည်း ရထားလမ်းနှင့်ကားလမ်းကူး(Level Crossing) တရားမဝင်ဂိတ်များ ပိတ်သိမ်းနိုင်ရေးအတွက် သိရှိဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ၁၈-၁-၂၀၁၈ ရက်နေ့တွင် အကြောင်းကြားထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းခံထားသည့် မိုင်တိုင်အမှတ်(၁၀)၊ ကြေးနန်းခန်းအမှတ်(၈)နှင့်(၉)ကြားတွင်ရှိသော တရားမဝင်ကားလမ်းကူးသည် နိုင်ငံတော်သမ္မတရုံးသို့ ပိတ်သိမ်းရန်တင်ပြထားသည့် တရားမဝင်ကားလမ်းကူးဂိတ်များတွင် ပါဝင်ပြီးဖြစ်ပါသဖြင့် အဆိုပါတရားမဝင်ကားလမ်းကူးဂိတ်အား ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**စစ်တောင်းမြစ်နှင့် ခပေါင်းချောင်း ရေတိုက်စားမှုများကြောင့် ကမ်းပါးပြိုမှုကို ပြည်သူ့ဘဏ္ဍာငွေအကုန်အကျသက်သာစေပြီး ကမ်းပါးပြိုကာကွယ်မှုများ များစွာလုပ်ဆောင်နိုင်ရန်အတွက် တည်ဆောက်ရေးနည်းလမ်းကို ပြောင်းလဲလုပ်ဆောင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ စစ်တောင်းမြစ်နှင့် ခပေါင်းချောင်းရေတိုက်စားမှုများကြောင့် အုတ်တွင်းမြို့နယ်အတွင်း ကမ်းပါးများပြိုမှုကို ပြည်သူ့ဘဏ္ဍာငွေအကုန်အကျသက်သာစွာဖြင့် ကမ်းပါးပြိုကာကွယ်မှု များစွာလုပ်ဆောင်ရန်အတွက် မေးမြန်းမှာဖြစ်ပါ

တယ်။ ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့အကြောင်းအရင်းကို တင်ပြလိုပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်မှာ စစ်တောင်းမြစ်နှင့် ခပေါင်းချောင်းတို့ရဲ့ ရေတိုက်စားမှုတွေကြောင့် မြစ်ကြောင်းနှင့်ချောင်းတစ်လျှောက်မှာရှိတဲ့ ကမ်းပါးများဟာ ပြိုကျခဲ့ပြီး နေရာအတော်များများမှာရှိတဲ့လူနေအိမ်တွေဟာ ပြောင်းရွှေ့နေရတဲ့အတွက်ကြောင့် ထပ်မံပြိုကျပါက ပြေးစရာမြေလည်းမရှိတော့ပါဘူး။ ကမ်းပါးတစ်လျှောက်မှာရှိတဲ့လမ်းတွေမှာလည်း ဆိုင်ကယ်၊ ကားတွေနဲ့ အသည်းတအေးအေးသွားလာနေရမှုများကို ကိုယ်တိုင်လည်းကြုံတွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ ဒါတွေကတော့ ကျွန်မရဲ့မဲဆန္ဒနယ်မှာရှိတဲ့ ကျေးရွာများရဲ့ ကမ်းပါးပြိုမှုအခြေအနေများဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကမ်းပါးပြိုကာကွယ်ရေးအတွက် အောင်းကြီးကျေးရွာမှာ နှစ်တန်းသွားမျှောတိုင်တန်းသဲအိတ်ပြည့်အရှည်ထိန်းရေကာတာနည်းဘိုလာမက်ထရစ်စနစ်ဖြင့် အရှည် ၆၅၀ ပေကို သိန်း ၇၀၀ ခန့်ကုန်ကျပြီး တည်ဆောက်ခဲ့ရာမှ တစ်နှစ်ကျော်လောက်အကြာမှာ ရေကာဆိုက်ထားတဲ့နေရာမှာပဲ ကမ်းပါးပြိုမှုများ ထပ်မံဖြစ်ပေါ်လာရပါတယ်။ ဒါကတော့ ချောင်းကြိုးနဲ့လှေဆွဲမြောင်းကမ်းပါးပြိုကာကွယ်ရေးကို နှစ်တန်းသွားမျှောတိုင်တန်းအရှည်ထိန်း ရေကာနည်းစနစ်ဖြင့် ပေ ၃၅၀၀ အတွက် သိန်း ၃၀၀ အကုန်အကျခံတည်ဆောက်ထားတာဖြစ်ပါတယ်။ လက်ရှိမှာလည်း ကျောင်းစုကျေးရွာ ကမ်းပါးပြိုကာကွယ်ရေးအတွက် နှစ်တန်းသွားမျှောတိုင်သွား ၁၃၀ ပေ ၁၀ ခု၊ ၁၁ ခု စုစုပေါင်း အရှည် ၁၄၃၀ နှင့် သုံးတန်းသွား မျှောတိုင်သွား ၈၂၀ ပေကို ကုန်ကျငွေ ၂၁၅ သိန်း၊ လေးအိမ်စုကျေးရွာ နှစ်တန်းသွားမျှောတိုင်တန်း ရေလွှဲရေကာ ၃၀ ပေ ၁၀ ခုနှင့် အရှည်ထိန်းရေကာ ၁၅၀ ပေ ၁၀ ခုစုစုပေါင်းအရှည် ၁၈၀၀ ပေအတွက် ကုန်ကျငွေ ၁၇၂ သိန်းဖြင့် တည်ဆောက်လျက်ရှိနေပါတယ်။ ထပ်မံ၍ အောင်းကြီးကျေးရွာရှိ ကျုန်အပိုင်းနှင့် ဇီးဖြူကန်အောက်ပိုင်းတို့တွင်လည်း ကမ်းပါးပြိုကာကွယ်ရေးဆက်လက်လုပ်ဆောင်သွားမည်ကို သိရှိရပါတယ်။ အခုလိုဒေသခံပြည်သူများ စိုးရိမ်ထိန့်လန့်နေရတဲ့ကမ်းပါးပြိုမှုများကို ကာကွယ်ရေးများပြုလုပ်ပေးထားတာကိုလည်း ဒေသခံပြည်သူတွေကိုယ်စား ကျေးဇူးတင်ပါကြောင်း ပြောလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ပြည်သူ့ဘဏ္ဍာများဖြင့်ပြုလုပ်ရတဲ့ကမ်းပါးပြိုကာကွယ်ရေးများဟာ တာရှည်ခံမယ်ဆိုရင်တော့ ပြည်သူတွေအတွက် အကျိုးရှိမှာဖြစ်သလို ကုန်ရကျိုးလည်းနပ်မှာဖြစ်ပေမဲ့ လက်ရှိအခြေအနေမှာတော့ ယခင်ကတည်ဆောက်ခဲ့တဲ့ ကမ်းပါးပြိုကာကွယ်ရေးတည်ဆောက်မှုတွေဟာ အများဆုံး သုံးနှစ်၊ လေးနှစ်သာခံပြီးတော့ ယခုတည်ဆောက်ရေးတွေဟာလည်း တာရှည်မှာတော့ ခံမှာမဟုတ်ပါဘူး။ ကမ်းပါးပြိုမှုကြောင့် တချို့ကျေးရွာတွေမှာ ကိုယ်ထူကိုယ်ထဖြင့် ဝါးများကိုအသုံးပြုကာ ကျေးရွာရှိနားလည်တတ်ကျွမ်းသူများဦးဆောင်ပြီး ကမ်းပါးပြိုကာကွယ်ရေးများကို တည်ဆောက်ရာမှာ၊ လက်ရှိအခြေအနေမှာ ထိုဒေသများ၌ ကမ်းပါးပြိုမှုများမရှိတော့ဘဲ သောင်များပြန်ထွန်းလာကြပါတယ်။ ပေ ၁၅၀ ခန့်ကိုလည်း အများဆုံးကုန်ကျငွေဟာ ၇၀၀၀၀ ခန့်သာရှိတဲ့အတွက် ထိရောက်မှုများစွာရှိပါတယ်။ အခုတည်ဆောက်ထားတဲ့ မဓမ္မတိုင်တွေဟာ အများဆုံးပေအရှည် ၂၀ သာရှိပြီး အလုံးလည်းသေးကာ ရေနက်ထဲလည်းသိပ်မရောက်နိုင်၊ ရေထဲလည်းကြာရှည်မခံပါဘူး။ တုတ်ကပ်ရိုက်ပြီးသဲအိတ်ထည့်ကာ အိမ်ရိုက်သံဖြင့်ထိန်းထားတာဖြစ်လို့ ရေစီးဒဏ်ကိုမခံနိုင်ခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ မဓမ္မတိုင်များအစား အုန်းပင်၊ ထန်းပင်များကို အသုံးပြုခြင်းဖြင့် ၎င်းတို့ရဲ့ပေအရှည်ဟာလည်း ၄၀ ခန့်ရှိပြီး မဓမ္မထက်ပို၍ ရေနက်ထဲများစွာဝင်ကာ ကြာရှည်လည်းခံပါတယ်။ တိုင်စိုက်ပြီးချိန်

မှာ အိတ်များကာပြီးတော့ သဲအိတ်၊ ကျောက်အိတ်များထည့်ခြင်းဖြင့် တည်ဆောက်လို့ရပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်မှာဆိုရင်လည်း အုန်းပင်၊ ထန်းပင်များဟာ လွယ်ကူစွာရရှိနိုင်ပြီး တိုင်အကွာများကိုလည်း ကျဲကျဲသုံးလို့ရတဲ့အတွက် ကုန်ကျစရိတ်သက်သာစွာဖြင့် ပေအရှည်များများကိုလည်း တည်ဆောက်လို့ရတဲ့အတွက် ကမ်းပါးပြိုကာကွယ်ရေးအတွက် များစွာထိရောက်မှုရှိပါတယ်။ ဤကဲ့သို့ နည်းတွေကိုလည်း ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းကမ်းပါးပြိုလုပ်ငန်းမှာ သုံးခဲ့ပြီးသားဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ခေတ်မီနောက်ဆုံးနည်းစနစ်ကို သုံးစွဲပါကလည်း များစွာကုန်ကျမှာဖြစ်တဲ့အတွက်ကြောင့် ပြည်သူ့ဘဏ္ဍာငွေဖြင့် ကမ်းပါးပြိုကာကွယ်ရေးပြုလုပ်ရာမှာ ငွေကုန်သလောက် အကျိုးသက်ရောက်မှုရှိစေရေး၊ စရိတ်သက်သာကာ တာရှည်ခံရေးနှင့် မြစ်ကြောင်းတစ်လျှောက်ရှိ ကမ်းပါးပြိုဒဏ်ကိုခံနေရတဲ့ကျေးရွာများအားလုံးအတွက် ကာကွယ်မှုပြုနိုင်ရေးတို့အတွက် ဖော်ပြပါ နည်းစနစ်မျိုးကို ပြောင်းလဲလုပ်ဆောင်ရန် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို၏ စစ်တောင်းမြစ်နှင့် ခပေါင်းချောင်း ရေတိုက်စားမှုများကြောင့် ကမ်းပါးများပြိုမှုကို ပြည်သူ့ဘဏ္ဍာငွေအကုန်အကျသက်သာစေပြီး ကမ်းပါးပြိုကာကွယ်မှုများ များစွာလုပ်ဆောင်နိုင်ရန်အတွက် တည်ဆောက်ရေးနည်းလမ်းကို ပြောင်းလဲလုပ်ဆောင်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် အမြန်ဆုံးဆောင်ရွက်ပေးပါမည်နှင့် မရှိပါက အဘယ်ကြောင့်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ပဲခူးတိုင်းဒေသကြီး အစိုးရ အဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးသာဦးက ရှင်းလင်းဖြေကြားပေးမှာဖြစ်ပါတယ်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကမ်းပြိုသည့်နေရာ အခြေအနေအား ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး တွေ့ရှိရသော ရေလမ်းအခြေအနေ၊ ကမ်းပါးအခြေအနေ၊ မြေသားအခြေအနေများပေါ်မူတည်၍ သွယ်ဝိုက်ကာကွယ်ခြင်းနည်းလမ်းနှင့် တိုက်ရိုက်ကာကွယ်ခြင်းနည်းလမ်းဟူ၍ နည်းလမ်း(၂)မျိုးဖြင့် ဆောင်ရွက်နိုင်ပါတယ်။ သွယ်ဝိုက်ကာကွယ်ခြင်းနည်းလမ်းသည် ကမ်းပြိုမှုဖြစ်ပွားရာနေရာတစ်လျှောက် ကပ်လျက်စီးဆင်းနေသော ရေလမ်းကြောင်းကို ကမ်းမှ ကင်းကွာသွားစေရန် ရေလွှဲ၊ ရေကာများ တည်ဆောက်ပြီး ရေအရှိန်ကို ဟန့်တားစေကာ အနည်အနှစ်များကို ဖမ်းယူစေခြင်းဖြင့် သောင်များကို ပြန်လည်ဖြစ်ထွန်းစေသောနည်းလမ်းဖြစ်ပါတယ်။

တိုက်ရိုက်ကာကွယ်ခြင်းနည်းလမ်းသည် ကမ်းပြိုမှုဖြစ်ပွားသည့် ကမ်းပါးတစ်လျှောက်တွင် ကမ်းထိန်းနံရံများ၊ ကမ်းထိန်းဂရစ်တန်းများတည်ဆောက်၍ ကာကွယ်ပေးသည့်နည်းစနစ်ဖြစ်ပါတယ်။ တိုက်ရိုက်ကာကွယ်ရာတွင် အခိုင်အမာကာကွယ်နည်းနှင့် ယာယီအဆင့်မြှင့်ကာကွယ်နည်း အသုံးပြု၍ ဆောင်ရွက်လျက်ရှိပါတယ်။ ကမ်းထိန်းနံရံများကဲ့သို့ အခိုင်အမာကာကွယ်နည်းများဖြင့် ဆောင်ရွက်ခြင်း၏အားသာချက်များမှာ ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ခြင်း၊ ခန့်ငြားလှပမှုကို ဖော်ဆောင်နိုင်ခြင်း စသည်တို့ဖြစ်ပြီး အားနည်းချက်များမှာ ကနဦးလုပ်ငန်းကုန်ကျစရိတ်မြင့်မားခြင်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်ကြီးမြင့်ခြင်းတို့ ဖြစ်ပါတယ်။

ကမ်းထိန်းဂရစ်တန်းကဲ့သို့ ယာယီအဆင့်မြှင့်ကာကွယ်နည်းများ၏ အားသာချက်များမှာ ကနဦးလုပ်ငန်းကုန်ကျစရိတ်နည်းပါးခြင်း၊ ဒေသထွက်ပစ္စည်းများ အသုံးပြုနိုင်ခြင်း၊ ကမ်းပြိုမှုဖြစ်ပေါ်ခဲ့သောနေရာအား သဘာဝအတိုင်း သဲနုန်းပြန်လည်ပို့ချမှုကောင်းမွန်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်နည်းပါးခြင်း စသည်တို့ဖြစ်ပြီးတော့ အားနည်းချက်များကတော့ ရေရှည်ခိုင်ခံ့မှုအားနည်းခြင်း၊ ရေနက်ကြောင်းကပ်၍ စီးဆင်းမှုရှိသောနေရာများတွင် ဆောင်ရွက်ရန် ခက်ခဲခြင်း၊ ရေနက်ပိုင်းများတွင် တည်ဆောက်ရန်အတွက် အကန့်အသတ်များရှိခြင်းနှင့် စောင့်ကြည့်၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်ခြင်းတို့ကြောင့် ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဝါးဂရစ်များကို အသုံးပြုပြီး ကမ်းပြိုကမ်းပါးတစ်လျှောက် တိုက်ရိုက်ကာကွယ်ခဲ့ရာတွင် ထိရောက်သည့် အကျိုးသက်ရောက်မှုများရရှိခဲ့သည့် ဥပမာအချို့ကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ၂၀၁၀-၂၀၁၁ ခုနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားပုံ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လက်ပံတန်းမြို့နယ်၊ လှည်းလမ်းဆိပ်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားပုံဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးခွန်းပါ စစ်တောင်းမြစ်နှင့် ခပေါင်းချောင်းရေတိုက်စားမှုများကြောင့် ကမ်းပါးပြိုကျမှုများနှင့်ပတ်သက်၍ စစ်တောင်းမြစ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် လုပ်ငန်းငါးနေရာအား ဝါးကရစ်ကမ်းပါးထိန်းအပြင် တန်ဖိုးသက်သာသည့် မျှောကရစ်တန်းများ ပိုမိုခိုင်မာစေရန်မျှောကရစ်တန်းများအတွင်း ကျောက်ကြီးဖြည့်ကမ်းပါးထိန်းလုပ်ငန်းများ၊ မျှောတိုင်တန်းရေကာတိုများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ပေးခဲ့မှုကြောင့် ကမ်းပြိုသည့်နေရာများတွင် သဲနုန်းအနည်ပို့ချမှုများဖြစ်ပေါ်ခဲ့သဖြင့် စစ်တောင်းမြစ်အထက်ပိုင်း ကမ်းပါးပြိုနေရာများအတွက် ကုန်ကျစရိတ်အထိုက်အလျောက်သက်သာသည့် ဝါးဂရစ်တန်းနှင့် မျှောဂရစ်တန်းများ အသုံးပြုသည့် ယာယီအဆင့်မြှင့်ကာကွယ်ရေးနည်းလမ်းက သင့်လျော်မှုရှိကြောင်း တွေ့ရှိရပါတယ်။

၂၀၁၆-၂၀၁၇ ခုနှစ်တွင် စစ်တောင်းမြစ်အတွင်း မျှောဂရစ်များ အသုံးပြုဆောင်ရွက်ခဲ့သည့် လုပ်ငန်းဥပမာ(၂)ခုကို ဆက်လက်တင်ပြခွင့်ပြုပါခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တောင်ငူမြို့နယ်၊ ပြဿောင်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်

ထားပုံဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ပင် အုတ်တွင်းမြို့နယ်၊ အောင်းကြီးကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားပုံ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ရန်ပုံငွေစုစုပေါင်းကျပ် ၂၁.၅ သန်းဖြင့် ခပေါင်းချောင်းအတွင်း ဆောင်ရွက်လျက်ရှိတဲ့ အုတ်တွင်းမြို့နယ်၊ ဝဲဒေါင့်ကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ဆက်လက်တင်ပြထားပါတယ်ခင်ဗျား။

အုတ်တွင်းမြို့နယ်၊ ဝဲဒေါင့်ကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားပုံဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးရန်ပုံငွေမှပင် စုစုပေါင်းကျပ် ၁၄၅.၇ သန်းဖြင့် ခပေါင်းချောင်းအတွင်း ရေတာရှည်မြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိသည့် မျောတိုင်တန်းများဖြင့် သွယ်ဝိုက်ကာကွယ်ခြင်းနည်းလမ်းကို အသုံးပြုသည့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်း(၅)ခုကို တင်ပြထားပါတယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သော လုပ်ငန်းဥပမာ(၂)ခုအား ဆက်လက်တင်ပြခွင့်ပြုပါခင်ဗျား။ အုတ်တွင်းမြို့နယ်၊ လေးအိမ်စုကျေးရွာ (စစ်တောင်းမြစ်)ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားပုံဖြစ်ပါတယ်။ ကျောက်ကြီးမြို့နယ်၊ ခုံပြောင်ကျေးရွာ (စစ်တောင်းမြစ်) ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားပုံဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဝါးများအသုံးပြု၍ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်သက်သာခြင်း၊ ဒေသထွက်ပစ္စည်းများဖြင့် တစ်နိုင်တစ်ပိုင်ဆောင်ရွက်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့်လျော်ညီစွာ အကျိုးဖြစ်ထွန်းနိုင်ခြင်းစသည့် အကျိုးသက်ရောက်မှုများ ရရှိနိုင်သည်မှန်သော်လည်း ကမ်းပြိုသည့် နေရာတိုင်းတွင် ဆောင်ရွက်၍မရနိုင်ခြင်း၊ ချောင်းငယ်များအတွင်း၌သာ ဆောင်ရွက်ရန် ပိုမိုသင့်လျော်ခြင်း၊ ရေနက်ပိုင်းများနှင့် ဆက်စပ်နေသည့်နေရာများတွင် ဆောင်ရွက်ရန် အကန့်အသတ်များရှိခြင်းစသည့် အားနည်းချက်များလည်း ယှဉ်တွဲနေပါသဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကျစရိတ်နှင့်ရရှိနိုင်မည့် အကျိုးကျေးဇူးတို့အား ချင့်ချိန်တွက်ဆ၍ ဆောင်ရွက်ပေးရပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ တစ်ဆက်တစ်စပ်မေးခွန်း မေးခွင့်ပြုပါရှင်။ အခုလိုမျိုးပြည့်စုံစွာဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ ကျွန်မအနေနဲ့မေးခွန်းထဲမှာပါတာကတော့ ဒီကမ်းပြိုကာကွယ်ရေးအတွက်ကို မဓမ္မတိုင်တွေအစား အုန်းပင်၊ ထန်းပင်တွေကို အသုံးပြုခြင်းအားဖြင့် ရရှိတဲ့အကျိုးကျေးဇူးတွေဟာ များစွာရှိပါတယ်။ အဲဒီလိုမျိုး ထန်းပင်၊ အုန်းပင်တွေကိုအသုံးပြုပြီးတော့ ကမ်းပြိုကာကွယ်ရေးကိုလုပ်ဆောင်တဲ့နေရာမှာဆိုရင်လည်း အကုန်အကျဟာ မဓမ္မတိုင်တွေ အသုံးပြုတာထက် သက်သာပြီးတော့မှ သူတို့ဟာ ကျဲကျဲလေးတွေလည်း တိုင်ကိုစိုက်ထုတ်နိုင်တယ်။ ကျွန်မခုနကမေးတဲ့မေးခွန်းမှာပါတဲ့အတိုင်းပဲ ရေနက်ထဲကို

လည်း အဲဒီတိုင်တွေဟာ မြောက်မြားစွာဝင်နိုင်တဲ့အတွက်ကြောင့်မို့လို့ ရေထဲမှာလည်း တာရှည်ခံတယ်။ တာရှည်ခံတဲ့အတွက်ကြောင့်မို့လို့ သူတို့ကနှစ်ပေါင်းများစွာရေထဲမှာတာရှည်ခံတဲ့အတွက်ကြောင့် ဒီလိုအုန်းပင်၊ ထန်းပင်တွေနဲ့လုပ်လိုက်တဲ့ကမ်းပါးပြိုကာကွယ်ရေးတွေဟာဆိုရင် ခုနတုန်းက မဓမ္မတိုင်တွေနဲ့လုပ်တဲ့ကမ်းပြိုကာကွယ်ရေးတွေထက် များစွာပြည်သူတွေအတွက် အကျိုးသက်ရောက်မှုရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြလာတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနှင့် သက်ဆိုင်ရာပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ်လို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြန်ကြားရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားပေးနိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်ကို အဆိုတင်သွင်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၅၃)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၂၁/၂၀၁၆)ဖြင့် ဖွဲ့စည်းခဲ့

ပြီးဖြစ်ပါတယ်။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၀၃ တွင် ဤဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှ ခြောက်လအတွင်း ကောင်စီကို ဖွဲ့စည်းရမည်ဟု ထည့်သွင်းပြဋ္ဌာန်းထားသော်လည်း ယနေ့ထိကောင်စီအား အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ကွင်းဆင်းဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီဖွဲ့စည်းပြီးမှသာလျှင် ရုပ်သံလွှင့်ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲခြင်း၊ ကျင့်ဝတ်များ ရေးဆွဲပြဋ္ဌာန်းခြင်း၊ နိုင်ငံတော်အတွင်း ဆောင်ရွက်ခွင့်ပြုမည့် ရုပ်သံလွှင့်ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားနှင့် နေရာဌာနများ လုပ်ကိုင်ခွင့်ပြုမည့်ပမာဏကို သတ်မှတ်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းနှင့် ရုပ်သိမ်းခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီသည် အနာဂတ်ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းအတွက် အဓိကကျပ်ကဲထိန်းညှိသူ Regulator အဖြစ် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီဖွဲ့စည်းနိုင်ရန်အတွက် ဖွဲ့စည်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များအား ရေးဆွဲဆောင်ရွက်နိုင်ရန်လိုအပ်ခြင်း၊ အစိုးရပြောင်းသွားသဖြင့် အစိုးရအဖွဲ့ဝန်ကြီးဌာနအမည်ပြောင်းသွားရာမှ အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တွင် ပါဝင်သည့်အဖွဲ့ဝင်များကို ဝန်ကြီးဌာနအမည်မှန်များဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ခြင်း၊ ဥပဒေကို ဆက်လက်အကောင်အထည်ဖော်ရန်အတွက် လက်ရှိအခြေအနေများနှင့် ကိုက်ညီအောင်ပြင်ဆင်ရန်လိုအပ်ခြင်းတို့ကြောင့် ဥပဒေအား ပြင်ဆင်ရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)၏ ရည်ရွယ်ချက်များမှာ (က) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနကသတ်မှတ်ထားသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလှိုင်းနှုန်း(Spectrum) ဖွံ့ဖြိုးမှုဆိုင်ရာအရင်းအမြစ်တစ်ခုအဖြစ် အသုံးချနိုင်ရေးအတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများကို ခွဲဝေပေးရန်၊ (ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လုပ်ခြင်းဝန်ဆောင်မှုလုပ်ငန်းများနှင့် အစီအစဉ်၊ အကြောင်းအရာများကို အများပြည်သူက ပိုမိုအသုံးပြုနိုင်စေရန်၊ (ဂ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးပြည့်မီစေရန်နှင့် ပြည်သူများအတွက် သတင်းအချက်အလက်ပြန်ကြားရေး၊ ပညာပေးရေးနှင့် ဖျော်ဖြေရေးဆိုင်ရာလိုအပ်ချက်များကို အရည်အသွေးကောင်းမွန်သည့် စံချိန်မီရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှု ဖြည့်ဆည်းပေးရာတွင် အများပါဝင်ဆောင်ရွက်နိုင်သည့်စနစ်တစ်ခုကို ပံ့ပိုးပေးရန်တို့ဖြစ်ပါတယ်။

သို့ပါ၍ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးစဉ်းစားပေးနိုင်ပါရန် လေးစားစွာအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ရေးဆိုင်ရာဥပဒေကို

ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဖိုးမြတ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော် များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မူဆယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်တစ်ဦး လည်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းတဲ့အစီရင်ခံစာ ကို ကျွန်တော် လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၈- ၁၄၈

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခုနှစ်၊ မတ် လ ၁၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၄-၁၁-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၃၄၀)/ပထစ - ၂၀၁၈

မူကြမ်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည်-

(က) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက သတ်မှတ်သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လှိုင်းနှုန်းစဉ်ကို ဖွံ့ဖြိုးမှုဆိုင်ရာအရင်းအမြစ်တစ်ခုအဖြစ် အသုံးချနိုင်ရေးအတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို ခွဲဝေပေးရန်၊

(ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများနှင့် အစီအစဉ်အကြောင်းအရာများကို အများပြည်သူက ပိုမိုအသုံးပြုနိုင်စေရန်၊

(ဂ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးပြည့်မီစေရန်နှင့် ပြည်သူများအတွက် သတင်းအချက်အလက် ပြန်ကြားရေး၊ ပညာပေးရေးနှင့် ဖျော်ဖြေရေးဆိုင်ရာလိုအပ်ချက်များကို အရည်အသွေးကောင်းသည့် စံချိန်မီ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဖြင့် ဖြည့်ဆည်းပေးရာတွင် အများပါဝင်ဆောင်ရွက်နိုင်သည့် စနစ်တစ်ခုကို ပံ့ပိုးပေးရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၅-၃-၂၀၁၈ ရက် တနင်္လာနေ့တွင် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြန်ကြားရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များပါရှိတဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်ချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများထံ ကြိုတင်ဖြန့်ဝေပေးထားပြီး ဖြစ်တဲ့အတွက် အချိန်ကိုငဲ့ညှာသောအားဖြင့် ဖတ်ကြားခြင်းမပြုတော့ပါ။

၄။ သို့ဖြစ်ပါ၍ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၈-၁၄၈

ရက် စွဲ ၊ ၂၀၁၈ ခု နှစ်၊ မတ် လ ၁၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၄-၁၁-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၃၄၀)/ပထစ - ၂၀၁၈

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည်-

(က) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက သတ်မှတ် သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လှိုင်းနှုန်းစဉ်ကို ဖွံ့ဖြိုးမှုဆိုင်ရာ အရင်းအမြစ် တစ်ခုအဖြစ် အသုံးချနိုင်ရေးအတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို ခွဲဝေပေးရန်၊

(ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများနှင့် အစီအစဉ် အကြောင်းအရာများကို အများပြည်သူက ပိုမိုအသုံးပြုနိုင်စေရန်၊

(ဂ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေး ပြည့်မီစေရန်နှင့် ပြည်သူများအတွက် သတင်းအချက်အလက် ပြန်ကြားရေး၊ ပညာပေး ရေးနှင့် ဖျော်ဖြေရေးဆိုင်ရာ လိုအပ်ချက်များကို အရည်အသွေးကောင်းသည့် စံချိန်မီ

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဖြင့် ဖြည့်ဆည်းပေးရာတွင် အများပါဝင် ဆောင်ရွက်နိုင်သည့် စနစ်တစ်ခုကို ပံ့ပိုးပေးရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၅-၃-၂၀၁၈ ရက် တနင်္လာနေ့တွင် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြန်ကြားရေးဝန်ကြီး ဌာန၊ ပြည်ထောင်ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တွင် အပိုဒ်ပေါင်း (၁၄) ပိုဒ် ပါရှိပါသည်။

( ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို**

**ပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်  ။)**

**၁၃၇၉ ခုနှစ်၊  လ  ရက်**

**( ၂၀၁၈ ခုနှစ်၊  လ  ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

( ဂ) အပိုဒ် ၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေတွင်ပါရှိသော ဆက်သွယ်ရေး နှင့်သတင်း အချက်အလက်နည်းပညာဝန်ကြီးဌာန ဆိုသည့်စကားရပ်ကို ပို့ဆောင်ရေး နှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဃ) အပိုဒ် ၃ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၃။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဓ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၂။ (ဓ) အခြားအဖွဲ့အစည်းဆိုသည်မှာ ပုဂ္ဂလိက သတင်းစာလုပ်ငန်းနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းနှစ်ခုအနက် တစ်ခုခု ကို ပိုင်ဆိုင်ထားရှိပြီး ကျန်လုပ်ငန်းတစ်ခုကို လုပ်ကိုင် ဆောင်ရွက် သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(င) အပိုဒ် ၃ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မခွဲ (ည-၁) ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။(က) ပုဒ်မခွဲ(ည)၏ နောက်တွင် ပုဒ်မခွဲ(ည-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ည-၁) လွှမ်းမိုးပိုင်ခွင့် ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားအဖွဲ့အစည်းတစ်ခုတွင် မဲပေးခွင့်၊ အဖွဲ့ဝင်ပိုင်ဆိုင်ခွင့် သို့မဟုတ် အစုစပ်ပိုင်ဆိုင်ခွင့်၏ ၅၀ ရာခိုင်နှုန်းထက်ပိုမိုသော ပမာဏကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ထားသည့် ပိုင်ဆိုင်မှုအခြေအနေ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား အောက်ပါအခြေအနေ တစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆောင်ရွက်နိုင်ခွင့်ရစေသည့် ပိုင်ဆိုင်မှုအခြေအနေကိုဆိုသည်-

( စ) အပိုဒ် ၃ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄ အပိုဒ်ခွဲ (က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပုဒ်မခွဲ(ည-၁) ပုဒ်မခွဲငယ်(၂)ရှိ (Senior Executive) ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဆ) အပိုဒ် ၄ ကို အပိုဒ် ၅ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၅ ပုဒ်မခွဲ(ဌ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅။(ဌ) အမြဲတမ်းအတွင်းဝန် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အဖွဲ့ဝင်

(ဇ) အပိုဒ် ၆ ကို အပိုဒ် ၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၇။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၄။ ကောင်စီသည် ဤဥပဒေအရ ပေးအပ်ထားသော တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်နှင့်အညီ ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

( ဈ) အပိုဒ် ၈ အပိုဒ် ၉ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၄၅-ခ ကို အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

၄၅-ခ။ ကောင်စီသည် ပုဒ်မ ၄၅-က အရ လျှောက်ထားချက်ကို ရရှိသည့် အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ယာယီလိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ည) အပိုဒ် ၁၂ ကို အပိုဒ် ၁၃ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပုဒ်မ ၅၀ ရှိ (Controlling Interest) ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

မှုကြမ်း

(ဋ) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၃ ကို မူလဥပဒေပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဌ) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၄ ကို မူလဥပဒေပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းနှင့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ ဖော်ပြ၍ ၂၀-၃-၂၀၁၈ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)မြောက်နေ့ ၁၅-၂-၂၀၁၈ ရက်နေ့တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၉-၂-၂၀၁၈ ရက် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်လေးဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပါ့မယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များနဲ့သဘောတူသင့်တဲ့အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းနဲ့

စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောတူသင့်တဲ့(၅၁)ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါဗျာ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော် မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးကပေးပို့ လာသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၁-၈-၂၀၁၆ နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၂- ၉-၂၀၁၆ ရက်နေ့တွင်ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန်ပေးပို့ လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ဖြစ်သည့် ၁၅-၂-၂၀၁၈ ရက်(ကြာပတေးနေ့)တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့တင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၁၉-၂-၂၀၁၈ ရက် (တနင်္လာနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်းကြေညာခဲ့သဖြင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)၊ ဦးဝင်းထွဋ်(ဖျာပုံ မဲဆန္ဒနယ်)၊ ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)နှင့် ဦးရည်မွန်(ခ)မောင်တင်သစ်(ပုဗ္ဗသီရိမဲဆန္ဒနယ်)မှ ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီသည် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ကိုယ်စားလှယ်လေးဦး၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူး ကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့်အတူ ၇-၃-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါတယ်။ ယင်းညှိနှိုင်း အစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက် (၅၁)ချက်ကို အမျိုးသား လွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ ထိုဥပဒေကြမ်း၏ ကန့်လန့်ဖြတ် ဇယားကိုလည်း လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်(၅၁)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၆ | ၂၊ ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၈၊ | အခန်း (၁) ခေါင်းစဉ်၊ အပိုဒ် ၂ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲ (ဇ)၊ အပိုဒ်ခွဲ (ည) နှင့် (ဋ)၊ အပိုဒ်ခွဲ (ထ) |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| | | | နှင့် (ဒ) |
| (ခ) | ၆ | ၁၉၊ ၂၁ | အခန်း (၂) ခေါင်းစဉ်၊ အပိုဒ် ၃ အပိုဒ်ခွဲ (ခ) နှင့် အပိုဒ်ခွဲ (ဂ) |
| (ဂ) | ၉ မှ ၁၁ | ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၃၊ ၃၄၊ ၃၆ | အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁)၊ အပိုဒ်ခွဲငယ် (၂)၊ အပိုဒ်ခွဲငယ် (၃)၊ အပိုဒ်ခွဲငယ် (၄)၊ အပိုဒ်ခွဲ ငယ် (၇)၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၆ |
| (ဃ) | ၁၁ မှ ၁၅ | ၃၇၊ ၃၈၊ ၄၃၊ ၄၇၊ ၅၀ | အခန်း (၄) ခေါင်းစဉ်၊ အပိုဒ် ၇ ခြေဆင်းနှင့် အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ (စ)၊ အပိုဒ်ခွဲ (ည) နှင့် (ဋ)၊ အပိုဒ်ခွဲ (တ) |
| (င) | ၁၆ မှ ၁၇ | ၅၃၊ ၅၅ | အပိုဒ် ၉ အပိုဒ်ခွဲ (က) (ခ) (ဂ) နှင့် (ဃ)၊ အပိုဒ်ခွဲ (စ) |
| (စ) | ၁၇ မှ ၁၈ | ၅၆၊ ၅၇၊ ၅၈ | အခန်း (၆) ခေါင်းစဉ်၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ |
| (ဆ) | ၁၈ မှ ၂၁ | ၅၉၊ ၆၀၊ ၆၂၊ ၆၄၊ ၆၇၊ ၆၉၊ ၇၁၊ ၇၄ | အခန်း (၇) ခေါင်းစဉ်၊ အပိုဒ် ၁၂ ခြေဆင်းနှင့် အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲ (င)၊ အပိုဒ်ခွဲ (ဇ) နှင့် (ဈ)၊ အပိုဒ်ခွဲ (ဋ)၊ အပိုဒ်ခွဲ (ဍ)၊ အပိုဒ်ခွဲ (ထ) (ဒ) နှင့် (ဓ) |
| (ဇ) | ၂၃ မှ ၂၆ | ၈၀၊ ၈၃၊ ၈၅၊ ၈၇၊ ၈၈ | အပိုဒ် ၁၄ အပိုဒ်ခွဲ (ခ) နှင့် (ဂ)၊ အပိုဒ် ၁၅ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ (ဂ) နှင့် (ဃ)၊ အပိုဒ် ၁၆၊ အဆိုပြု ပြဋ္ဌာန်းချက် အပိုဒ် ၁၇ နှင့် ၁၈ ကို ပယ်ဖျက်ခြင်း |
| (ဈ) | ၂၆ မှ ၂၈ | ၈၉၊ ၉၁၊ ၉၂၊ ၉၃၊ ၉၄၊ ၉၅၊ ၉၆၊ ၉၈ | အခန်း (၉) ခေါင်းစဉ်၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ အပိုဒ်ခွဲ (ခ) နှင့် (ဂ) |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (ည) | ၂၉ မှ ၃၁ | ၁၀၃၊ ၁၀၄ | အဆိုပြုပြဋ္ဌာန်းချက် အခန်း (၁၀) {ပုဒ်မ ၂၆၊ ၂၇ နှင့် ၂၈ } တို့ကိုပယ်ဖျက်ခြင်း၊ အဆိုပြုပြဋ္ဌာန်းချက် အခန်း (၁၁) {ပုဒ်မ ၂၉ နှင့် ၃၀}တို့ကို ပယ်ဖျက်ခြင်း |

မှူကြမ်း

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (၄) | ၃၁ | ၁၀၅၊ ၁၀၆၊ ၁၀၉ | အခန်း (၁၀) ခေါင်းစဉ်၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁ |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်(၅၁)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက်(၅၁)ချက်ကို ဥပဒေကြမ်း ကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့(၅၁)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များ အနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့(၅၁)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ သိပ္ပံနည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်(၅၈)ချက်ကို တင်သွင်းဖို့ဖြစ်ပါ တယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် အထက်တွင်တင်ပြခဲ့ပြီးဖြစ်သည့် ညှိနှိုင်းအစည်းအဝေး၏သဘောတူဆုံးဖြတ်ချက်များအရ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အတိုင်း သဘောမတူပဲ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မီ၏ ပြင်ဆင်ရန်တင်ပြချက်(၅၈)ချက် ရှိပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၅၈)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၁ မှ ၅ | ၃၊ ၅၊ ၆၊ ၈၊ ၉၊ ၁၁၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ | အပိုဒ် ၁၊ အပိုဒ် ၂ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲ (င)၊ အပိုဒ်ခွဲ (စ) နှင့် (ဆ)၊ အပိုဒ်ခွဲ (ဈ)၊ အပိုဒ်ခွဲ (ဌ)၊ အပိုဒ်ခွဲ (ဍ)၊ အပိုဒ်ခွဲ (ပ)၊ အပိုဒ်ခွဲ (ဏ)၊ အပိုဒ်ခွဲ (တ) |
| (ဂ) | ၆ မှ ၈ | ၂၀၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅ | အပိုဒ် ၃ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲ (င)၊ အပိုဒ်ခွဲ (စ) နှင့် (ဆ)၊ အပိုဒ်ခွဲ (ဇ) |
| (ဃ) | ၉ မှ ၁၀ | ၂၆၊ ၂၇၊ ၃၂၊ ၃၅ | အခန်း (၃) ခေါင်းစဉ်၊ အပိုဒ် ၄ အပိုဒ်ခွဲ (က)၊ အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၅) နှင့် အပိုဒ်ခွဲငယ် (၆)၊ အပိုဒ် ၅ |
| (င) | ၁၁ မှ ၁၅ | ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၄၊ ၄၅၊ ၄၆၊ ၄၈၊ ၄၉ | အပိုဒ် ၇ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲ (ဂ) ၊ အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲ (င)၊ အပိုဒ်ခွဲ (ဆ)၊ အပိုဒ်ခွဲ (ဇ)၊ အပိုဒ်ခွဲ (ဈ)၊ အပိုဒ်ခွဲ (ဌ)၊ အပိုဒ်ခွဲ (ဍ) (ပ) နှင့် (ဏ) |
| (စ) | ၁၅ မှ ၁၇ | ၅၁၊ ၅၂၊ ၅၄ | အခန်း (၅) ခေါင်းစဉ်၊ အပိုဒ် ၈၊ အပိုဒ် ၉ အပိုဒ်ခွဲ (င) |
| (ဆ) | ၁၈ မှ ၂၁ | ၆၁၊ ၆၃၊ ၆၅၊ ၆၆၊ ၆၈၊ ၇၀၊ ၇၂၊ ၇၃ | အပိုဒ် ၁၂ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲ (စ)၊ အပိုဒ်ခွဲ (ဆ)၊ အပိုဒ်ခွဲ (ည)၊ အပိုဒ်ခွဲ (ဌ)၊ အပိုဒ်ခွဲ (ပ) နှင့် (ဏ)၊ အပိုဒ်ခွဲ (တ) |
| (ဇ) | ၂၂ မှ ၂၄ | ၇၅၊ ၇၆၊ ၇၇၊ ၇၈၊ ၇၉၊ ၈၁၊ ၈၂၊ ၈၄၊ ၈၆ | အခန်း (၈) ခေါင်းစဉ်၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁)၊ အပိုဒ်ခွဲငယ် (၂)၊ အပိုဒ်ခွဲငယ် (၃)၊ အပိုဒ်ခွဲ (ဃ)၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲ (င) နှင့် (စ) |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
| --- | --- | --- | --- |
| (ဈ) | ၂၆ မှ ၂၉ | ၉၀၊ ၉၇၊ ၉၉၊ ၁၀၀၊ ၁၀၁၊ ၁၀၂ | အပိုဒ် ၁၇၊ အပိုဒ် ၂၄ အပိုဒ်ခွဲ (က)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ |
| (ည) | ၃၁ | ၁၀၇၊ ၁၀၈ | အပိုဒ် ၃၀ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ (ခ) |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၅၈)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ပညာရေးဝန်ကြီးဌာနအနေဖြင့် လက်ခံသဘောတူပါသဖြင့် သိပ္ပံနှင့်နည်းပညာ ဆန်းသစ်တီထွင်မှုဥပဒေကြမ်းအား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်(၅၈)ချက်အား အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၅၈)ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်း မပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များ ကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာစတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒုတိယဝန်ကြီးများ ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်နေ့မှာ တင်သွင်းခဲ့တဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော် ကိုယ်စားလှယ် သုံးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီရဲ့အစီရင်ခံစာအမှတ်(၁/၂၀၁၈)နှင့်ပတ်သက်လို့ ဆွေးနွေးလိုပါတယ်။ ဒီအစီရင်ခံစာမှာ ကျွန်တော်တို့ အကြောင်းအရာအားဖြင့် နိဒါန်း၊ ရည်ရွယ်ချက်၊ ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက် များ၊ သုံးသပ်ချက်များ၊ အကြံပြုချက်နှင့် နိဂုံးဆိုပြီးမှ တွေ့ရပါတယ်။ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက် ချက်များနဲ့ အကြံပြုချက်များဆိုတဲ့အပိုင်းကို အဓိကထားပြီးတော့မှ ဆွေးနွေးလိုပါတယ်။ ရှေးဦးစွာ တင်ပြလိုတာကတော့ ဒီကော်မတီဟာ လွှတ်တော်နဲ့ အစိုးရဆက်ဆံရေးမှာ အစိုးရက လွှတ်တော်ကို ကတိပေးထားတာ၊ တာဝန်ခံထားတဲ့ကိစ္စတွေကို အဓိကစိစစ်ရတာဖြစ်လို့ ပြည်သူကို တာဝန်ခံထားတဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအတွက် အရေးကြီးလှပါတယ်။ ပြည်သူများရဲ့တင်ပြချက် များကို အရေးယူအကောင်အထည်ဖော်မှုအခြေအနေကို ဒီကော်မတီကတစ်ဆင့် ဆောင်ရွက်ရတာ ကြောင့်ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ ပြည်သူကို လွှတ်တော်က တာဝန်ခံရသလို လွှတ်တော်ကို နိုင်ငံတော်သမ္မတကနေတစ်ဆင့် တာဝန်ခံရတာ အားလုံးအသိပါ။ ပြည်သူကရွေးချယ်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ လွှတ်တော်တွင်း မေးမြန်းဆွေးနွေးချက်များကို အလေးထားမှတ်သား ပြီး မူဝါဒချမှတ်လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒါမှသာ ပြည်သူ့လိုအပ်ချက်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အတည်ဖြစ်တဲ့အဆိုများ၊ ကတိကဝတ်ဖြစ်ထားပြီးတဲ့ မေးခွန်းဖြေကြားချက် များနှင့်ပတ်သက်လို့တော့ ကော်မတီရဲ့အစီရင်ခံစာမှာ အကျယ်တဝင့်ဖော်ပြထားပြီးဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော် တင်ပြဆွေးနွေးလိုတာက မှတ်တမ်းအဖြစ် ထားရှိတဲ့အဆိုများအနက် ကတိကဝတ်မဖြစ်ခဲ့သော်လည်း မေးခွန်းကို ပြန်လည်ဖြေကြားရာမှာ ထည့်သွင်းပြောကြားဆွေးနွေးခဲ့တဲ့ အချက်များနှင့်ပတ်သက်လို့ ကော်မတီအနေနဲ့ စိစစ်စောင့်ကြည့်ခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ကာ အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြသင့်ကြောင်းကို အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအချက်အနေနဲ့ တချို့အဆိုတွေဟာ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် အလွန်အကျိုးရှိပေမဲ့ အစိုးရက လက်ရှိမှာ ဆောင်ရွက်လျက်ရှိတဲ့ကိစ္စမျိုးဖြစ်နေတာကြောင့် မှတ်တမ်းအဖြစ်သာ ထားရှိတဲ့အဆိုမျိုးရှိသလို လတ်တလောဆောင်ရွက်ဖို့ထက် ရေရှည်လုပ်ဆောင်သွားရမယ့်ကိစ္စဖြစ်လို့ လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်တဲ့အဆိုတွေလည်း ရှိပါတယ်။ ဒီလိုမှတ်တမ်းတင်စောင့်ကြည့်တဲ့အဆိုများနှင့် ပတ်သက်ပြီးတော့မှ ဘယ်လိုပုံစံစောင့်ကြည့်မှာလဲ၊ ဘယ်ကာလအထိစောင့်ကြည့်မှာလဲဆိုတာကို ဆွေးနွေးခြင်းအပြင် လုပ်ဆောင်နေတဲ့ တိုးတက်မှုအခြေအနေတွေကိုလည်း ကော်မတီအနေနဲ့ မျက်ခြေမပြတ်စေဘဲ ဝန်ကြီးဌာနများကို ခေါ်ယူမေးမြန်းပြီး အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြသင့်တယ်လို့ အကြံပြုလိုပါတယ်။ အကြောင်းကတော့ လက်ရှိမှာ ကတိကဝတ်အနေနဲ့ မရှိပေမဲ့ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးတယ်လို့ မှတ်ယူပြီး လွှတ်တော်က စောင့်ကြည့်မယ်လို့ ဆုံးဖြတ်ထားလို့ပဲဖြစ်ပါတယ်။ ဥပမာအနေနဲ့ တင်ပြရရင် ကနီမဲဆန္ဒနယ်က ဦးထွန်းထွန်းနိုင် တင်သွင်းတဲ့ မူလလက်ငုပ်တောင်သူများအနက် နည်းလမ်းအမျိုးမျိုးဖြင့် မြေယာလက်ဝါးကြီးအုပ် လုပ်ကိုင်ခွင့်ပြုလက်မှတ်ရရှိထားသူများအကြား ဖြစ်ပွားနေတဲ့ မြေယာမှုခင်းများကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများက ပြန်လည်စိစစ်ပေးနိုင်ဖို့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်သွားမှာဖြစ်ကြောင်း ၂၂-၁၁-၂၀၁၇ ရက်နေ့မှာ လွှတ်တော်က ဆွေးနွေးဆုံးဖြတ်ခဲ့ပါတယ်။ ဆွေးနွေးချက်များနှင့်ပတ်သက်လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကိုယ်တိုင် ထုတ်ပြန်ထားတဲ့ မူဝါဒများ၊ စိစစ်ရမယ့်အချက်များနှင့်ပတ်သက်လို့ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီရဲ့ ဗဟိုလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီသို့ ပေးပို့ထားတဲ့အကြံပြုချက်များကို အလေးအနက်ထားပြီး ပြင်ဆင်ထုတ်ပြန်ပေးဖို့ တိုက်တွန်းထားသော်လည်း မြေပြင်အခြေအနေမှာတော့ ဘာမှပြောင်းလဲပြင်ဆင်မှုမရှိသေးပါဘူး။ အဲဒီအတွက် မြေသိမ်းမှုများဟာ ပြတ်သားစွာမဖြေရှင်းနိုင်သေးပါဘူး။ ဒါကြောင့်မို့လို့ အတည်မဖြစ်သေးပေမဲ့ မှတ်တမ်းတင်စောင့်ကြည့်တဲ့အဆိုများကိုလည်း ကော်မတီအနေနဲ့ ဖြစ်ပေါ်တိုးတက်မှုကို သက်ဆိုင်ရာနဲ့ တွေ့ဆုံဆွေးနွေးပြီး အစီရင်ခံစာမှာ ဖော်ပြသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေနဲ့ တင်ပြလိုတာကတော့ ဝန်ကြီးဌာနများအနေနဲ့ မေးခွန်းများဖြေကြားရာမှာ စာရွက်စာတမ်း၊ မှတ်တမ်းမှတ်ရာ လုပ်ထုံးလုပ်နည်းများအပေါ်တွင်သာ အခြေခံပြီး ဖြေကြားတာမျိုးမဟုတ်ဘဲ မြေပြင်အခြေအနေကို ထိထိရောက်ရောက်လေ့လာစုံစမ်းပြီးမှသာ ဖြေကြားသင့်ပါတယ်။ မဲဆန္ဒနယ်အတွင်း လိုအပ်ချက်နှင့်ပတ်သက်လို့ လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်တဲ့မေးခွန်းကို မေးမြန်းတာမျိုးဆိုရင်တော့ အများအားဖြင့် အဆင်ပြေတာ တွေ့ရပေမဲ့ လုပ်ထုံးလုပ်နည်းလွဲချော်မှု၊ ဌာနအတွင်းလွဲမှားမှုနှင့်ပတ်သက်တဲ့ကိစ္စရပ်မျိုးကို မေးမြန်းတဲ့အခါမျိုးမှာ ပကတိအခြေအနေနဲ့ လိုက်လျောညီထွေ ကိုက်ညီမှုအားနည်းတဲ့ဖြေကြားမှုမျိုးကို အများအား

မူကြမ်း

ဖြင့် တွေ့ရပါတယ်။ ပြည်သူတွေရဲ့ ကြုံတွေ့ခံစားမှုများနှင့် တင်ပြလာတဲ့ကိစ္စရပ်များကို ဝန်ကြီးဌာန အနေနဲ့ သိရှိဖြေရှင်းပြုပြင်ပြောင်းလဲမှုမပြုလုပ်နိုင်ဖို့ တင်ပြခြင်းဖြစ်တာမို့ အလေးအနက်ထား စုံစမ်းဆောင်ရွက်ဖြေကြားပေးဖို့ ကော်မတီအနေနဲ့ သက်ဆိုင်ရာဌာနများနှင့် တွေ့ဆုံတဲ့အခါ ထည့်သွင်းဆွေးနွေးဖို့ အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးလိုတာကတော့ ကျွန်တော် ဆွေးနွေးခဲ့တဲ့ ပထမ အချက်မှာ မှတ်တမ်းတင်စောင့်ကြည့်အဆိုများနှင့်ပတ်သက်လို့ ကော်မတီအနေနဲ့ အလေးထား ဆောင်ရွက်ပြီး နောင်လာမယ့်အစီရင်ခံစာများမှာ ကော်မတီရဲ့ဆောင်ရွက်ချက်များအဆိုတဲ့အပိုင်းမှာ ထည့်သွင်းဖော်ပြသင့်ပါကြောင်းနှင့် ဒုတိယအချက်ဖြစ်တဲ့ မေးခွန်းများပြန်လည်ဖြေကြားရာမှာ ဝန်ကြီး ဌာနများကို အကြံပြုထားတာကိုတော့ အစီရင်ခံစာရဲ့အကြံပြုချက်များအပိုင်းမှာ ထည့်သွင်းဖော်ပြ သင့်ပါကြောင်း ဆွေးနွေးရင်း အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီရဲ့အစီရင်ခံစာအမှတ်(၁/၂၀၁၈)ကို အကြံပြုဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ အစိုးရ၏အာမခံချက်၊ ကတိများနှင့် တာဝန်ခံ ချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို အကြံပြုချက်များနှင့် ဆွေးနွေးသွားမယ့် ကျောက်တန်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်။ အစီရင်ခံစာရဲ့အပိုဒ်(၁၄) မှာ လွှတ်တော်ကိုယ်စားလှယ်များကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနက စီမံကိန်းရေးဆွဲရာတွင် ဘတ်ဂျက်၌ ဦးစားပေးထည့်သွင်းရေးဆွဲရန် အကြံပြုထားတယ်လို့ ပါပါတယ်။ ဘတ်ဂျက်ထည့်သွင်းရေးဆွဲတဲ့အပိုင်းအပြင် မူဝါဒပိုင်းပြုပြင် ပြောင်းလဲရေးအတွက် ပေးအပ်ထားတဲ့ကတိကဝတ်များ အကောင်အထည်ဖော်မှုအပိုင်းကိုလည်း အလေးထားဆောင်ရွက်ဖို့ရန်အတွက် တိုက်တွန်းကြီးကြပ်ပေးစေလိုပါတယ်။ ပြည်သူ့ဘဏ္ဍာအလွဲ သုံးစားလုပ်မှုတွေ၊ အရည်အသွေးပြည့်ဝအောင် ဆောင်ရွက်ခြင်းမရှိတဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ တာဝန်ပျက်ကွက်မှုကို အရေးယူထားမှုအခြေအနေတွေကို မျက်ခြေမပြတ် တည့်မတ်ထိန်းကျောင်းရန် လိုအပ်နေတဲ့အတွက် ဖြစ်ပါတယ်။ မူဝါဒအပြောင်းအလဲအတွက် ကတိပျက်ကွက်ခဲ့သည်များကို အရေးယူဆောင်ရွက်ပေးမှုအပိုင်းမှာ ကတိကဝတ်အကောင်အထည်ဖော်မှုအပိုင်းဟာ ဘတ်ဂျက် တောင်းတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းကို အစိုးရဘက်မှ အကောင်အထည်ဖော်တဲ့အပိုင်းထက်ကို များစွာ အားနည်းချက်တွေရှိနေတယ်ဆိုတာကို လေ့လာသုံးသပ်ရပါတယ်။ ဥပမာပြောရမယ်ဆိုရင် ကျောက်တန်းမြို့နယ်မှာရှိတဲ့ ကျုံကန်ဆေးရုံအချိန်မီဆောက်လုပ်ပြီးစီးမှုမရှိတဲ့အတွက်ကြောင့်မို့လို့ မေးခွန်းကို ရှစ်လပိုင်း ၂၀၁၆ ခုနှစ်က မေးခဲ့ပါတယ်။ ကြယ်ပွင့်မပြမေးခွန်း မေးခဲ့တာကို ၁၀ လပိုင်းမှာ အပြီးဆောင်ရွက်ပေးပါမယ်လို့ ဖြေခဲ့ပါတယ်။ သို့သော်လည်းပဲ ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ ပြီးဆုံး ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ ၁၁ လပိုင်း ၂၀၁၆ ရက်နေ့မှာ ဝန်ကြီးဌာနကို ပြန်လည်ပြီးတော့ ပြီးဆုံး ခြင်းမရှိသေးပါဘူးဆိုတဲ့အကြောင်းကို အကြောင်းကြားပြီးတော့မှ မည်သို့ဆက်လက်ဆောင်ရွက်မည် ကို မေးမြန်းခဲ့တဲ့အခါမှာ ၁၂ လပိုင်း ၂၀၁၆ ရက်နေ့မှာ စစ်ဆေးခဲ့တာ ၇၅ ရာခိုင်နှုန်းသာပြီးသေးတဲ့

မူကြမ်း

အတွက်ကြောင့်မို့လို့ ကုမ္ပဏီမှ ဆက်လက်ဆောင်ရွက်မှုမရှိလို့ အရေးယူပေးပါမယ်လို့ ဖြေကြားခဲ့ပါတယ်။ ဒါပေမဲ့လည်း ကတိကဝတ်ကော်မတီကိုကျတော့ ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ရှိတဲ့သူက ဒီဆေးရုံဟာပြီးဆုံးသွားပြီလို့ လာရောက်ဖြေကြားခဲ့ပါတယ်။ ကော်မတီဝင်တွေက ကျွန်မကို မေးမြန်းတဲ့အတွက်ကြောင့်မို့လို့ ဒါက မမှန်ဘဲနဲ့ မပြီးသေးပါဘူးဆိုတဲ့အကြောင်းနဲ့ ကော်မတီကို စိစစ်ပေးဖို့ အကူအညီတောင်းခဲ့ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ကော်မတီဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်တွေက ကျွန်မတို့ကျောက်တန်းမြို့နယ် ကျုံကန်ဆေးရုံဆောက်လုပ်ခြင်းကို ကွင်းဆင်းစစ်ဆေးပေးခဲ့ပါတယ်။ ဒီအတွက် ဒီလိုထိန်းကျောင်းတည့်မတ်ပေးတဲ့အတွက် ကော်မတီဥက္ကဋ္ဌနှင့်တကွ အဖွဲ့ဝင်တွေကို ကျေးဇူးများစွာတင်ပြီးတော့ များစွာအားကိုးရပါကြောင်း ပြောကြားလိုပါတယ်။

၂၈-၁၁-၂၀၁၄ ရက်နေ့မှာစတင်အကောင်အထည်ဖော်ခဲ့တဲ့ ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်းဖြစ်ပါတယ်။ ပြီးဆုံးရမယ့်အချိန်အရေအတွက် နှစ်နှစ်ကျော်တဲ့တိုင်အောင် ကတိပျက်ယွင်းမှုတွေ ရှိနေပြီးတော့ မေးခွန်းတွေ အကြိမ်ကြိမ်မေးရတာမျိုး ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကိုလည်း ပကတိအခြေအနေတွေကို သွားရောက်တင်ပြတာမျိုးရှိပါတယ်။ လွှတ်တော် ကတိကဝတ်ကော်မတီကနေပြီးတော့လည်း ခေါ်ယူမေးမြန်းညှိနှိုင်းတာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ သို့သော်လည်းပဲ အခု ၆-၆-၂၀၁၇ ရက်နေ့မှာ ထပ်မံအကြောင်းကြားတဲ့အခါကျတော့ ၉-၈-၂၀၁၇ ရက်နေ့ကျမှသာ ကုသရေးဦးစီးမှူးဌာနကနေပြီးတော့ ကုမ္ပဏီကို တရားစွဲဖို့အတွက်ဆိုပြီး ပြန်ဖြေကြားပါတယ်။ ဆိုတော့ ဒီဆေးရုံတစ်ရုံလေး တည်ဆောက်တဲ့လုပ်ငန်းကို ဒီလောက်တောင်ကြန့်ကြာအောင် ဆောင်ရွက်နေခြင်းဟာ ဘယ်လိုမှဖြစ်သင့်တာမျိုး မဟုတ်ပါဘူး။ လုပ်ငန်းပြီးဆုံးအောင် ဆောင်ရွက်ခြင်းမရှိဘဲနဲ့ ငွေအပြည့်ထုတ်ပေးခဲ့တာရော၊ ကိုယ်စားလှယ်ရော၊ ကော်မတီရောကနေပြီးတော့ အကြိမ်ကြိမ်ခေါ်ယူညှိနှိုင်းသည့်တိုင်အောင် အကောင်အထည်မပေါ်တာတွေကို ကြည့်ခြင်းအားဖြင့် ဘတ်ဂျက်တောင်းခံတဲ့လုပ်ငန်းတွေအပြင် တည်ဆောက်ရေးလုပ်ငန်းတွေပါအောင် စိစစ်ဖို့အတွက်က အင်မတန်အရေးကြီးနေတယ်ဆိုတာမျိုးကို သိသာထင်ရှားနေပါတယ်။

ဒုတိယအချက်အနေနဲ့ လွှတ်တော်မှာအတည်ပြုထားတဲ့အဆိုများ မှတ်တမ်းတင်စောင့်ကြည့်ထားတဲ့အဆိုများအတွက် အစိုးရဆောင်ရွက်ထားမှုအခြေအနေတွေကို အနည်းဆုံး တစ်နှစ်တစ်ကြိမ်လွှတ်တော် ကတိကဝတ်ကော်မတီကို အစီရင်ခံစာပေးပို့ခြင်း၊ သက်ဆိုင်ရာကိုယ်စားလှယ်များကို အစီရင်ခံစာမိတ္တူပေးပို့ဖို့ အကြံပြုလိုပါတယ်။ ဒါမှသာ အဆိုတင်သွင်းထားတဲ့ကိုယ်စားလှယ်အနေနဲ့ မိမိရဲ့အဆို အကောင်အထည်ဖော်မှုအခြေအနေတွေကို သိရှိနိုင်မှာဖြစ်ပါတယ်။ သက်ဆိုင်ရာကော်မတီတွေကနေလည်း အကြံပြုပူးပေါင်း ကူညီဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ၁၇-၁၁-၂၀၁၆ ရက်နေ့မှာ အိမ်အကူအလုပ်သမားအပါအဝင် အိမ်တွင်းအလုပ်သမားများကို အဓမ္မခိုင်းစေ၊ ညှင်းပန်းနှိပ်စက်မှုများကဲ့သို့သော ဥပဒေမဲ့လုပ်ရပ်များ ဆောင်ရွက်ခြင်းမပြုရန်အတွက် ပြည်ထောင်စုအစိုးရကို ကြပ်မတ်ကာကွယ်ပေးဖို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခဲ့ပါတယ်။ ၂၂-၁၁-၂၀၁၆ ရက်နေ့မှာ ကိုယ်စားလှယ်ခြောက်ဦးက ဆွေးနွေးခဲ့ပြီးတော့မှ ပြည်ထောင်စုဝန်ကြီးက အိမ်အကူအပါအဝင် အလုပ်သမားရေးရာနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်အဆိုမှာ တင်ပြထားတဲ့အတိုင်း ပါဝင်တဲ့လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနသာမကဘဲ ဆက်စပ်ဝန်ကြီးဌာနများ၊ အလုပ်ရှင်၊ အလုပ်သမားများ၊ အလုပ်သမားရေးရာဆောင်ရွက်နေတဲ့အဖွဲ့အစည်းများ၊ နိုင်ငံတကာ

အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်လို့ ကတိပြုခဲ့ပါတယ်။ သို့သော်လည်းပဲ အဆိုရှင်ဖြစ်တဲ့ကျွန်မက အစိုးရက ဘာတွေလုပ်နေလဲဆိုတာကို သိရှိမှုမရှိပါဘူး။ စုံစမ်းတဲ့အခါမှာလည်း တိကျရေရာတဲ့ အဖြေမရပါဘူး။ သို့သော်လည်းပဲ အိမ်အကူများကို အလုပ်ရှင်များနဲ့အတူနေထိုင်ရတဲ့ အိမ်တွင်းအလုပ်သမားများကို ညှင်းပန်းနှိပ်စက်တာတွေ၊ အမျိုးသမီးငယ်လေးတွေသာမက အမျိုးသားယောကျ်ားလေးတွေကိုပါ လိင်အမြတ်ထုတ်မှု စော်ကားခံရတာတွေဟာ မကြားဝံ့ မနာသာဖြစ်ရပ်တွေက ခပ်စိတ်စိတ် ကြားနေရပါသေးတယ်။ ဒါကြောင့်မို့လို့ ကျွန်မ ဒီအကြံပြုချက်နှစ်ခုကို အကြံပြုရင်းနိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်၏ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာမှ ရေဦး-ညောင်လှလမ်းနှင့် ပတ်သက်ပြီးတော့ လွှတ်တော်ကော်မတီရဲ့သုံးသပ်ချက်ကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဦး-ညောင်လှလမ်းဟာ ဒီပဲယင်းမြို့နယ်သူ မြို့နယ်နယ်သားများ အသုံးပြုသွားလာနေတဲ့လမ်းဖြစ်ပါတယ်။ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ် ၄၈၇.၉ သန်းနှင့် TMD ကုမ္ပဏီမှ ကတ္တရာလမ်း ၆ မိုင် ခင်းခဲ့ပါတယ်။ သို့သော်လည်း လမ်းဟာ မြင်မကောင်းရှုမကောင်းနဲ့ ကျင်းချိုင့်တွေနဲ့ပျက်စီးသွားပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ မိုးတွင်းကာလ ဒိုင်းနက်ကျေးရွာက ရွာသူရွာသား ၁၀၀ ကျော် အစာအဆိပ်သင့်လို့ ရေဦး-ညောင်လှလမ်းက ၆ မိုင်ကို ကျွန်တော် အပြေးအလွှားနဲ့ ည ၉ နာရီခွဲလောက်ဖြတ်သန်းသွားတာ လွန်ရောကျွံရော ၁၂ မိနစ်လောက်သာသွားရမယ့် အချိန်ကြာမယ့်လမ်းဟာ တစ်နာရီခွဲလောက်ကြာအောင် ကားမောင်းခဲ့ရပါတယ်။ ဒီလမ်းမျိုးနဲ့သာ လူနာတွေကို ရေဦးဆေးရုံကိုပို့ရမယ်ဆိုရင် လမ်းမှာတင်သေသွားလောက်တယ်လို့ ကျွန်တော်ဒီလိုပဲတွေးမိပါတယ်။ ဒါဟာ လမ်းရဲ့ ၂၀၁၆ ခုနှစ် မိုးတွင်းကာလမှာ လမ်းကို တစ်ကြိမ်ပြင်ပြီးပြီလို့ပြောခဲ့တဲ့လမ်းရဲ့အခြေအနေပါ။ ဒါကြောင့် ကျွန်တော် မဲဆန္ဒနယ်ထဲမှာ ကွင်းဆင်းတိုင်း အဲဒီဒေသက ပြည်သူတွေက လမ်းပြင်ပေးဖို့ တင်ပြတောင်းဆိုကြပါတယ်။ ထို့အတူပဲ ရေဦးမဲဆန္ဒနယ်က ပြည်သူတွေကလည်း ဒီလိုပဲတောင်းဆိုကြပါတယ်။ ရေဦးမဲဆန္ဒနယ်က ပြည်သူလွှတ်တော်ကိုယ်စားလှယ်က ဒီလမ်းအတွက် လွှတ်တော် ကြယ်ပွင့်မပြမေးခွန်းမေးလို့ ပြန်ဖြေတာကို ကျွန်တော် ယူပြီးဖတ်ကြည့်မိပါတယ်။ ၂၇ တန် ဖရဲသီးတင် ၁၂ ဘီးကားတွေက တစ်နေ့ကို အစီး ၃၀ လောက် ဖေဖော်ဝါရီလနှင့် မတ်လတွေမှာ ဖြတ်သန်းသွားလို့ လမ်းပျက်ရပါတယ်လို့ ဖြေထားပါတယ်။ ဒီအဖြေက လွှတ်တော်နှင့် အစိုးရကို သရော်တာလား၊ လမ်းပျက်တာကို ပုံပေါ်အောင် မေးခွန်းရှင်ရဲ့ ဒေါသကို နှိုးဆွတာလား ကျွန်တော်မဝေခွဲတတ်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်ရဲ့ ဒီဒေသမှာ ဖရဲစိုက်ခင်းလုံးဝမရှိပါဘူးခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မှာလည်း တာဝန်ရှိတာမို့ ညောင်လှ-ရေဦးလမ်းနှင့်ပတ်သက်ပြီးတော့

ကြယ်ပွင့်မပြမေးခွန်းမေးပါတယ်။ ငါးရာခိုင်နှုန်းအာမခံငွေ ၂၄၃ သိန်းနဲ့ ကုမ္ပဏီက ကျောက် ၂၇၅ စင်းချပေးပြီးဖြစ်တယ်လို့ ပြန်ကြားပါတယ်။ အမှန်တကယ်လည်း ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက ကွင်းဆင်းစစ်တော့ ဒုတိယအကြိမ်ပြင်ဆင်ဖို့ ပြင်ဆင်ထားတာကိုတော့ တွေ့ရပါတယ်။ ကတ္တရာက ၁၂၅ လုံး ဝယ်ထားပါတယ်။ ဒါပေမဲ့ ပြည်သူ့တွေက ကျွန်တော်တို့ကို သတင်းပေးပြီးဖြစ်ပါတယ်။ ကတ္တရာပုံးတွေကို ပြန်သယ်သွားတာတွေ့ရတယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ ကော်မတီကစစ်ဆေးတဲ့အခါမှာ လမ်းဘေးမှာ ကတ္တရာအလုံး ၁၀၀ ရေတွက်တွေ့ရှိရပါတယ်။ ဒါဖြင့် ကတ္တရာအလုံးတစ်ရာဟာ ဘာမှမလုပ်ဘဲနဲ့ လမ်းဘေးမှာရှိနေတော့ ဒီ ဒုတိယအကြိမ်ပြင်ဆင်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီပြင်ဆင်စရိတ်ထဲမှာတော့ ကျောက်လမ်းကြိတ်စက်ငှားခ သိန်း ၃၀၊ ကျောက်ကျင်းအရေအတွက် ၂၇၀ ရဲ့တန်ဖိုး၊ အလုပ်သမားခ စသဖြင့် အားလုံးပေါင်းလိုက်ရင် ကျပ်သိန်းပေါင်း ၃၃၈ သိန်းကျော်တဲ့ဗျ။ အာမခံငွေထဲက ၁၉၃၉၅၀၀၀ ကိုသုံးထားပါတယ်။ ကုမ္ပဏီက ၁၄၄၇၅၀၀၀ လို့ လွှတ်တော်ကော်မတီကို သုံးထားကြောင်းကို ကျွန်တော်တို့ ပြီးခဲ့တဲ့ အင်္ဂါနေ့ကပဲ သက်ဆိုင်ရာဌာနတွေကလာပြီးတော့ ရှင်းပြပါတယ်။ အာမခံငွေ သိန်း ၅၀ ကျန်သေးလို့ ကုမ္ပဏီက နောက်ထပ် သိန်း ၁၀၀ စိုက်ပြီး ဂျင်းကျောက် ၂၃၀ ကျင်းထပ်ထည့်ပြီးတော့ ယာယီအနေနဲ့ ကတ္တရာလမ်းကနေပြီးတော့ ဂျင်းလမ်းအဖြစ် ပြုပြင်ပေးပါမယ်လို့ တာဝန်ခံသွားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကော်မတီရဲ့သုံးသပ်ချက်မှာ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်ဦးစီးဌာနကို လုပ်ငန်းပြောင်းလဲခဲ့ရတဲ့အတွက် ဒီလမ်းပြင်ဆင်ရန်မှာ စီမံကွပ်ကဲမှုအားနည်းနေပါတယ်လို့ သုံးသပ်ပါတယ်။ ကျွန်တော့်အနေနဲ့ သုံးသပ်ပြရရင် ဌာနတွေက စီမံကွပ်ကဲမှုအားနည်းနေတာမဟုတ်ပါဘူး။ လမ်းသက်တမ်းဟာ နှစ်နှစ်ကျော်လို့ရှိရင် ကုမ္ပဏီနှင့် ဌာနတွေအနေနဲ့ တာဝန်ပေါ့သွားပါတယ်။ ဒါကြောင့်မို့လို့ သူတို့နှစ်နှစ်ပြည့်အောင် စောင့်နေတာပါ။ တာဝန်ရှိတဲ့သူအားလုံး တာဝန်ပေါ့သွားပြီးတော့ နိုင်ငံတော်ရဲ့ဘတ်ဂျက်ကိုပဲ ပြန်လည်တောင်းခံဖို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိကဝတ်များ နှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဟာ ဒီကိစ္စကို သုံးကြိမ်တိုင်တိုင် အစည်းအဝေးထိုင်ပြီးတော့ ကျွန်တော်တို့ရဲ့ဖိတ်ကြားမှုကိုလည်းလက်ခံပြီးတော့ ကျွန်တော်တို့ဒေသကို လာပြီးတော့ စစ်တဲ့အတွက် ပြည်သူလူထုကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်။ အားလုံးကလည်း ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို လေးလေးစားစားနဲ့ ဝမ်းမြောက်ပါကြောင်း ပြောကြားကြပါတယ်။ ဒါကြောင့်မို့လို့ ဒီထက်ပိုပြီးတော့ ဆောင်ရွက်နိုင်ပါစေလို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျား။

## ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးနိုင်(အဖွဲ့ဝင်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးနိုင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ပဉ္စမပုံမှန်အစည်း အဝေးအထိ အတည်ပြုခဲ့သည့် အဆိုများနှင့် ရှင်းလင်းချက်များ ကတိဖြစ်ခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းများ နှင့် ကြယ်ပွင့်မပြမေးခွန်းများကိုစိစစ်၍ သုံးသပ်ချက်များ၊ အကြံပြုချက်များပါရှိတဲ့ ကော်မတီ အစီရင်ခံစာ(၁/၂၀၁၈)ကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်တွင် အစီရင်ခံစာတင်သွင်းခဲ့ပါတယ်။ အဆိုပါ အစီရင်ခံစာနှင့်ပတ်သက်၍ ၉-၃-၂၀၁၈ ရက်နေ့မှ ၁၂-၃-၂၀၁၈ ရက်နေ့အထိ ဆွေးနွေးမည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ရာမှာ ရွှေကျင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် တို့ သုံးဦးက အမည်စာရင်းတင်သွင်းခဲ့ပြီး ယနေ့ ကျင်းပတဲ့ ပြည်သူ့ လွှတ်တော်တွင် ဆွေးနွေးခဲ့ပါတယ်။ ယခုလို အကြံပြုဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ် များကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဆွေးနွေးအကြံပြုချက်များကို ကော်မတီ မှာ မှတ်တမ်းထားရှိမှာဖြစ်ကြောင်းနှင့် လိုအပ်ပါက ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက် ဖြင့် အကြောင်းပြန်ကြားသွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ အပိုဒ်ခွဲ(ဃ)နဲ့အညီ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာအမှတ်(၁/၂၀၁၈)ကို ပြည်သူ့ လွှတ်တော်မှ သဘောတူလက်ခံ၍ အတည်ပြုပေးပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် အစိုးရရဲ့အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ကျင်းပမယ့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၁၁း၄၀ နာရီအချိန် တွင် ရပ်နားပါသည်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ (၁၆.၃.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



Dr Kyi Moht Moht Lwin



U Win Maw Tun

pyithu.hluttaw.mm



Dr Hla Moe



U Win Maw Tun

pyithu.hluttaw.mm



U Min Thaing



U Win Maw Tun

pyithu.hluttaw.mm



U Pike Ko



U Thar Oo

pyithu.hluttaw.mm



U Nay Kyaw



U Thar Oo

pyithu.hluttaw.mm



Daw Cho Cho



U Thar Oo

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်